အရှင်ဇနကာဘိဝံသ

၏


အမှတ်(၂၅)ကျမ်းစာ

# မူလတန်း ဘာသာရေး



၁၃၅၄-ခုနှစ်၊ သီတင်းကျွတ်လ။

နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။



အောင်မြင်တော်မူပုံ

၁။ ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်၊ လူတော်
အများ၊ မိစ္ဆာကဲခင်းလားလည်း၊ ဤကား
ကုသိုလ်၊ အကုသိုလ်နှင့်၊ ယိုယိုဘုံဘ၀၊ မသိဂုဏ်
များလှ အပြစ်တွေ။

၂။ ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍၊ ဂေဟာဇေတ
ညွှန်ကြား၊ မြတ်တရားကြောင့်၊ ဤကား
ကုသိုလ်၊ အကုသိုလ်နှင့်၊ ယိုယိုဘုံဘ၀၊ သိဂုဏ်
များလှ ကျေးဇူးတော်။

စာမူသာရေးဆိုင်ရာ စာမူ ခွင့်ပြုချက်
အမှတ်(၉၃၀/၉၂) (၁၀)

စာအုပ်စာတမ်း စာနယ်ဇင်း၊ မျက်နှာဖုံး ပုံနှိပ်
ထုတ်ဝေခွင့်ပြုချက် အမှတ်(၂၃၂/၉၂) (၁၀)

၁၃၅၄-(၁၉၉၂)ခုနှစ်

| | |
|---|---|
| အုပ်ရေ | ၇၀၀၀ |
| အကြိမ် | ဒုတိယအကြိမ် |
| တန်ဖိုး | (    ) |

ထုတ်ဝေသူ-ဦးမောင်မောင်၊ မဟာဂန္ဓာရုံစာပေ,
(မြဲ-၀၃၂၇၁)၊ ပိန်းတန်းရပ်, အမရပူရမြို့။

ပုံနှိပ်သူ -ဦးမောင်မောင်၊ (မြဲ-၀၁၈၂၄)
နယူးဘားမားပိဋကတ်ပုံနှိပ်တိုက်၊ မဟာဂန္ဓာရုံရပ်ဝင်း
အမရပူရမြို့။

# မူလတန်း ဘာသာရေး

## အခြေခံ နိဒါန်း

၁။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ချမ်းသာဖို့ အကျိုးငှာ ပွင့်တော်မူလာ၏၊ "ချမ်းသာ" ဟူရာ၌ နောက်ဘဝရောက်မှ ရရှိမည့် ချမ်းသာမျိုးသာမက ဤဘဝ၌ပင် ရနိုင်သော ချမ်းသာမျိုးလည်း ပါဝင်ပါသည်။

၂။ ခေတ်လူအချို့က ဗုဒ္ဓမြတ်စွာ၏တရားတော်သည် "ဟိုဟာ မလုပ်ရ, သည်ဟာ မလုပ်ရ" ဟူသော ပညတ်ချက်တွေကြောင့် "လူဘို့ကို မတက်ကြွစေဘဲ, ထုံထိုင်း ဖျင်းအအောက်ကျ နောက်ကျ ဖြစ်စေ၏" ဟု ယူဆ၍ တိုင်းပြည်ထူထောင်ရာတွင် ဗုဒ္ဓတရားတော်ကို ဖယ်ကြဉ်လိုကြသည်။

၃။ ထိုသူတို့အား ဗိမ္ဗိသာရမင်း, ဓမ္မာသောကမင်း, ဒုဋ္ဌဂါမဏိ အဘယမင်းတို့နှင့် သီဟစစ်သူကြီး, မင်းရန်နောင် စသော ဗုဒ္ဓဘာသာခေါင်းဆောင်တို့ကို ညွှန်ပြလိုပါသည်။

**ဗိမ္ဗိသာရမင်း။** ဗိမ္ဗိသာရမင်းသည် မိမိကိုယ်တိုင် သောတာပန်ဖြစ်ပြီးလျှင် ဘုရားရှင်ကို ဝေဠုဝန်ကျောင်းတော်၌ ကိုးကွယ်ကာ ကြီးစွာသောစစ်တပ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါသည်၊ ထိုမင်းလက်ထက်၌—

(က) သူပုန်ထသောကြောင့် စစ်တပ်ကို လွှတ်ရသောကိစ္စ,

(ခ) သူပုန်အနှိမ်သွားခါနီးမှ ရဟန်းပြုကြသော စစ်သားအချို့၏ မတရားမှုကြောင့် ဥပဒေပြုရသောကိစ္စ,

( ဂ ) အခါကြီးနေ့ကြီးများ၌ "သားငါးမသတ်ရ" ဟု ကြေး ကြော်ရသော ကိစ္စ၊ [ ဤကိစ္စကို ထောက်၍ နေ့ကြီး ရက်ကြီး မဟုတ်သောနေ့များ၌ သားငါးနှင့်စပ်၍ ဖြစ် ဖို့ကို စဉ်းစားနိုင်သည်။ ] ဤကိစ္စများ ဖြစ်ခဲ့ရသည့်ပြင်

(ဃ) တရားသူကြီးတို့က "ရာဇဝတ်သားကို တံကျင်လျှို၍ သတ်ရမည်" ဟု အမိန့်ချသောကြောင့် "ကာကဝလ္လိယ ဇာတ်" ဟုသိနေကြသော "ကာကဝဋ္ဋိယ" ဇာတ်လည်း ထို မိမ္မိသာရမင်း၏ လက်ထက်မှာပင် ဖြစ်ခဲ့ရသည်။

နန္ဒဂါမဏိမင်း။ ။ ဒုဋ္ဌဂါမဏိအဘယမင်းကား မိမိကိုင်နေကျ လှံထိပ်ဝယ် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်ကို ဌာပနာထားလေ သည်၊ ထိုမင်းသည် သာသနာ့အဆောက်အဦးတွေကို ဖျက်ဆီး နေသော သာသနာ့ရန်သူများကို စစ်တိုက်ထွက်ခါနီးဝယ် အရှယ်ကောင်းသော ရဟန်းတော်ငါးရာတို့ကို ပင့်၍ သွားလေ သည်၊ ထိုအခါ၌ အမြဲမိဋ္ဌာန်ထားသော ဆောင်ပုဒ်ကား—

ငါတွက် မျှုံးမြောက်, ချမ်းသာရောက်ဖို့,
ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ, သာသနာ၏,
ရှည်ကြာအစွန်, ရောင်လျှံကွန့်ဖို့,
စွန့်စွန့်စားစား, ငါကြိုးစားသည်,
ငါ့အား စိတ်ဝယ် အမြဲတည်း။

**ဓမ္မာသောကမင်း။** ဓမ္မာသောကမင်းကား ဗုဒ္ဓတရားတော်ကို ယုံကြည်၍ သာသနာပြုမင်း ဖြစ်သောအခါ လူနှင့်ဆိုင်သော ကိုယ်ကျင့်တရားကို အနှံ့အပြား ကျောက်တိုင်စိုက်စေပြီးခါမှ တိုင်းပြည်အုပ်ချုပ်ရာဝယ် ရှေးကထက် လွယ်ကူကြောင်းကို တွေ့ရပါသတဲ့။-

**စစ်သူကြီးနှင့်မင်းကြီး။** "သီဟ" မည်သော စစ်သူကြီးကား မိမိက သောတာပန် ဖြစ်ပါသော်လည်း စစ်သေနာပတိအဖြစ်ဖြင့် စစ်တပ်ကို ဦးစီးခဲ့ပါသည်၊ မင်းကြီးရန်နောင်၏ သာသနာဖျက်သူပုန်ကို ဘာသာဝင်မှူးမတ်များနှင့်အတူနှိမ်နင်း၍ ဗုဒ္ဓဘာသာကို ကယ်တင်ခဲ့ခြင်းမှာလည်း ရာဇဝင် အထင်အရှားပေတည်း။ ဤသို့ရှေးဗုဒ္ဓဘာသာဝင်တို့၏ တိုင်းပြည်အုပ်ချုပ်၍အလုပ်လုပ်မှုကို လေ့လာကြည့်သောအခါ ရှေးရှေးမှသတ် ဥပဒေအတိုင်း အုပ်ချုပ်ရာ၌လည်းကောင်း၊ ကယ်တင်မှုလုပ်ရာ၌လည်းကောင်း၊ ဗုဒ္ဓဘာသာက အနှောင့်အယှက်မပေးခဲ့ကြောင်းကို တွေ့ရပါသည်။

၄။ ခေတ်လူအချို့ကား "ဗုဒ္ဓတရားတော်သည် လောကီဘက်က တိုးတက်နေသော ယခုကမ္ဘာဝယ် လိုက်၍ မမှီနိုင်တော့" ဟု ယူဆကြ၏၊ ဗုဒ္ဓမြတ်စွာ၏ တရားတော်တွင် မည်သည့်တရားက လောကီကြီးပွားရေးကိုတားမြစ်ပါသနည်း၊ "မင်္ဂလာတရား" ဟူသည် ယခုဘဝ နောက်ဘဝ နှစ်ဌာနလုံး၌ပင် ကြီးပွားချမ်းသာကြောင်းတရားဖြစ်၏၊ ထိုမင်္ဂလာတရားတော်တွင် ....

(က) "ဗာဟုသစ္စဉ္စ—အကြား အမြင် အတွေ့အကြုံ များရခြင်း" ဟု ပါရှိ၏၊ ယခုခေတ် "သုတေသန" လုပ်ခြင်းမျိုးပင်တည်း၊ ထို့ ဗာဟုသစ္စမင်္ဂလာသည် " မည်ရွေ့မည်မျှ သုတေသန

လုပ်ရမည် ” ဟု ကန့်သတ်ချက်မရှိဘဲကား သုတေသနလုပ်ရာ၌ ခေတ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ကြောင်း သိသာပါသည်၊ ထို့ကြောင့် ယခုအခါ ကောင်းကင်၌ ဂြိုဟ်တုလွှတ်၍ သုတေသနပြုခြင်း၊ မြေ ရေ တို့၌ သုတေသနပြုခြင်းများသည် ဗာဟုသစ္စမင်္ဂလာပင် ဖြစ်၏။

( ခ ) “ သိပ္ပဉ္စ – သိပ္ပံပညာ အဖြာဖြာကို တတ်ရခြင်း ” ဟုလည်း ပါရှိ၏၊ ထိုသိပ္ပံပညာ တတ်မြောက်ခြင်းမင်္ဂလာ၌လည်း “မည်သည့်သိပ္ပံပညာ” ဟု ပိုင်းခြားကန့်သတ်ချက် မရှိ၊ “ ခေတ်အလိုက် ပေါ်ပေါက်လာသော ပညာ အရပ်ရပ်ကိုပင် တတ်မြောက်ရခြင်း ” ဟု ဟောတော်မူလိုရင်း ဖြစ်၏။

၅ ။ ဗုဒ္ဓမြတ်စွာ၏တရားတော်သည် လောကကြီးပွားရေးကို မတားမြစ်သည့်ပြင်, စနစ်တကျ အားပေးသော တရားဖြစ်ကြောင်းကို နောက်လာမည့် ကြီးပွားရေးတရားများဖြင့် သိနိုင်ပါလိမ့်မည်။

၆ ။ ထိုကဲ့သို့ ယခုဘဝကြီးပွားရေးကို အားပေးရုံသာမက သတ္တဝါနှင့်ဗဲ့ကိုလည်း အမြဲအားပေးရာရောက်ပါသည်၊ ထင်ရှားစေဦးအံ့ – ဗုဒ္ဓတရားတော်များ၌ ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်ဘဝတုန်းက ( အများသိဖြစ်သော မဟောသဓာတို့လို ဘဝတုန်းက ) မကြောက်မရွံ့ ရဲဝံ့သောသတ္တိ, နောက်မဆုတ်သော လုံ့လဝီရိယဗဲ့တို့ကို ကြားဖူးနေရသောကြောင့်လည်းကောင်း, အမရာဒေဝီမဒ္ဒီမိဖုရားတို့၏လိမ္မာပုံ သတ္တိရှိပုံကိုကြားနေရသောကြောင့်လည်းကောင်း, ထိုအလိမ္မာ ထိုသတ္တိများကူးစက်နေရကား ဗုဒ္ဓဘာသာ

ဝင်အမျိုးသားအမျိုးသမီးတို့၌ အလိမ္မာနှင့် ဇွဲသတ္တိမှာ အခြားဘာသာဝင်များထက် များသောအားဖြင့် သာတတ်ပါသည်။

၇။ ဗုဒ္ဓဘာသာဝင်တို့၏ အားအရဆုံး သတ္တိကား အကောင်းအဆိုး လောကဓံ ၂ မျိုးနှင့် တွေ့ကြုံသောအခါ ခံနိုင်ခြင်း, သေရမည်မှ လွန်လွန်ကဲကဲ မကြောက်တတ်ခြင်းတည်း၊ ထိုသို့ သတ္တိရှိခြင်းမှာလည်း မိမိ၌ရှိသော ဒါန သီလတို့ကို အားကိုးသည့်အပြင် "အားလုံး အရာဝတ္ထု ရုပ်နာမ်အစသည် ပျက်စီးရမည့် အနိစ္စတရားချည်းသာ ဖြစ်၏" ဟု ကြားသိနေရသော မိရိုးဖလာ ဘာဝနာကြောင့်လည်း ဖြစ်၏။

ဤသို့လျှင် ဗုဒ္ဓဘာသာဝင်ဖြစ်သူသည် တရားပြည့်ဝလေ သတ္တိထက်လေ ဖြစ်ရကား ဗုဒ္ဓတရားတော်သည် အလျော့ဘက် အပြော့ဘက်ကိုအားမပေးဘဲ စာရိတ္တနှင့်တကွ အတင်းဘက် အတိုးဘက်ကိုသာ အားပေးပါသည်။

သို့ပါလျက် ဗုဒ္ဓ၏ အလိုတော်ကို မသိရသော လူအများသည် မိခင်ဖြစ်သော ဗုဒ္ဓတရားတော်ကို ကျော်၍ ဒွေးဒေါ်ဝါဒတို့ဖြင့် လွှတ်လပ်ပြီး နိုင်ငံကို ထူထောင်လာခဲ့ကြရာ ယခုဘိုင်အောင်အသားမကျသေးဘဲ စာရိတ္တပျက်မှု တည်းဟူသော ဆူးငြောင့်တွေသာ ပြန့်ကြဲ၍ နေပါတော့သည်။

ထို့ကြောင့် "နိုင်ငံကို ထူထောင်ထိန်းသိမ်းရာဝယ် အထောက်အကူ ရပါစေတော့" ဟု သဘောထား၍ ဝိုင်-အမ်-ဘီ-အေအသင်း၏ လျှောက်ထားချက်အရ (ရန်ကုန်-မြို့မကျောင်းနှင့် တည်ထောင်မည့် ဝိုင်-အမ်-ဘီ-အေ ကျောင်းတွင် သူငယ်အဆင့်မှ စ၍ သင်ကြဖို့နှင့် ကျောင်းနေဆဲမဟုတ်သူများလည်း အဆင့်ဆင့် လေ့လာကြဖို့ရန်) ဘာသာရေးကျမ်းစာကို စီစဉ်ရပါသည်။

## ရေးသားပုံ အကြံအစဉ်

''ဗုဒ္ဓဘာသာဝင်''ဖြစ်သူသည်—

၁။ ရှေးဦးစွာ သရဏဂုံ ၃ ပါးကို ဆောက်တည်ရ၏။

၂။ သရဏဂုံတည်လျှင်ငါးပါးသီလကိုလည်း စောင့်ထိန်းရ၏။

၃။ ဒုစရိုက်ကို ရှောင်၍ သုစရိုက်ကိုလည်း ဆောင်ရ၏။

၄။ ဒါန သီလ ဘာဝနာ စသော ပုညကြိယဝတ္ထု ၁၀ ပါးကိုလည်း နားလည်ရ, ပြုလည်း ပြုကျင့်ရ၏။

၅။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, နတ် စသော ပရလောက အကြောင်းကိုလည်း နားလည်ရ၏။

၆။ သြကာသမှစ၍ ငါးပါး ရှစ်ပါးသီလများကို ခံယူဘတ်ရ၏။

၇။ မေတ္တာစသော ဗြဟ္မစိုရ်တရားကိုလည်း နားလည်ရ၏။

၈။ ရတနာ ၃ ပါး အကြောင်းကို နည်းနည်းပါးပါးမှ စ၍ များနိုင်သမျှ များအောင် သိဖို့ရန်လည်း လေ့လာရ၏။

၉။ လူတို့၏ ကျင့်ဖွယ် အတော်များစွာ ပါသော မင်္ဂလသုတ် အဓိပ္ပါယ်ကိုလည်း အတော်အတန် နားလည်ရ၏။

၁၀။ ဂ-ဂင်၏အကျိုးကိုလည်း ထိုက်တန်သမျှ နားလည်ရ၏။

ဤမျှအထိ နားလည်လျှင် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များအတွက် ပြည့်စုံ လုံလောက်ပါပြီ၊ သို့သော် စွမ်းနိုင်လျှင် သံသရာအကြောင်း ကောင်းကောင်း သိဖို့ရာ တစ်ဆင့်တက်၍—

၁၁။ ရုပ် နာမ်တို့၏ အဖြစ်အပျက်ကိုလည်း နားလည်ရ၏။

၁၂။ သံသရာ ကျင်လည်ရပုံ (ပဋိစ္စသမုပ္ပါဒ်) နှင့် သံသရာမှ လွတ်မြောက်ပုံကိုလည်း နားလည်ရ၏။

ထို့ကြောင့် ထိုသိဖွယ်များ အပြည့်အစုံ ပါသွားအောင် မူလ အဆင့်အတန်းမှစ၍ အစဉ်အတိုင်း စီစဉ်ထားပါသည်။

**အမှာ။** ။မူလတန်းစာအုပ်, အလယ်တန်းစာအုပ်ဟု ၂ အုပ်ခွဲ၍ စီစဉ်ပြီး ဖြစ်ပါသည်၊ အထက်တန်းများအတွက်ကား သိဖွယ် ရုပ် နာမ် အကြောင်းအရာတွေ ကျယ်ဝန်းလာသောကြောင့် အဆင့်ဆင့် စာအုပ်များ အဖြစ်ဖြင့် စီစဉ်ရပါလိမ့်မည်။

**၁၃၂၅-ခုနှစ်, ကဆုန်လ၊** **အရှင်ဇနကာဘိဝံသ**

အိုးမဖုတ်ခင်, အိုးလုပ်စဉ်ဝယ်, အိုးတွင်နှိပ်ခတ်,
တံဆိပ်မှတ်ကား, မပြတ်မစဲ, အိုးပင်ကွဲလည်း,
အမြဲတခေ, တည်ရှိနေသို့, ထွေထွေသွေးသား,
ကလေးများ၌, ဘုရားတံဆိပ်, ဘာသာစိတ်ကို,
ခတ်နှိပ်နိုင်မှ, သက်ဆုံးကျအောင်, ဗုဒ္ဓဝါဒီ, စွဲ၍
တည်မည်, ကိုယ်စီခတ်နှိပ်စေသတည်း။

# မူလတန်း ဘာသာရေး

## သူငယ်တန်း

၁။ သရဏဂုံ ၃ ပါး(ပါဠိ—မြန်မာ)

၂။ ငါးပါးသီလပျက်သူတို့ ငရဲခံရပုံ။

၃။ သီလရှိသူတို့ နတ်ပြည်၌ စံရပုံ။

၄။ သီလပျက်သူ လူ့ဘဝ ပြန်ရောက်သောအခါ ရရှိသော မကောင်းကျိုး။

၅။ သီလ ရှိသူ လူ့ဘဝ ပြန်ရောက်သော အခါ ရရှိသော ကောင်းကျိုး။

အချုပ်။ ။အိပ်ရာဝင်သော် သတိရလို့, မုဒ္ဒဲ ဓမ္မ သံဃာရယ်၊
ကိုးကွယ်ပါဘယ် စိတ်ကြည်ညွတ်လို့, နှုတ်ပါတွတ်ဘွတ်
ရွတ်ရတယ်။
အိပ်ရာအပြန် တပ်ဖန် ထပ်၍, မှန်မှန် မပြတ် ရွတ်ပါ့
ကြွယ်၊
ဘေးအန္တရာယ် ရန်စွယ်ကင်းလို့, ကောင်းခြင်း သုခ
ရလိမ့်မယ်။

# ပထမတန်း

၁။ ဘုရားအဖြစ်တော်စဉ်။

၂။ ဘုရားဂုဏ်တော် ၉ ပါး ပါဠိ။

၃။ တရားဂုဏ်တော် ၆ ပါး ပါဠိ။

၄။ သံဃာ့ဂုဏ်တော် ၉ ပါး ပါဠိ။

၅။ မြန်မာလို သရဏဂုံ ၃ ပါးနှင့် ၅ ပါးသီလ ဆောက်တည်ပုံ။ (ဩကာသနှင့် သီလတောင်း မပါသေး)။

၆။ စူဠကမ္မဝိဘင်္ဂသုတ်သံပေါက်များ။

အချုပ်။ ဗုဒ္ဓကြောင်းရာ ကောင်းစွာသိမှ, ဗုဒ္ဓကိုလည်း ကြည်ညိုမည်၊
ကြည်ညိုသူက ဟောညွှန်ပြမှ, စိတ်က နှစ်ခြိုက် လိုက်ကြသည်။
ဂုဏ်တော် တန်တန် မှန်မှန် ရလို့, ခဏခဏ ရွတ်သင်သည်၊
အကျိုးနှင့်ကံ ဝေဘန်တတ်မှ, ကံကောင်း ကံမြတ် ပြုလိမ့်မည်။

# ဥပုသ်သတင်း

၁။ ဘုရားရုပ်တော် ၉ ပါး အနက်။

၂။ အဟံဘန္တေ = ဝဘေသာ သရဏဂုံသီလတောင်း
[မြန်မာလို သင်ပေးရန်။]

၃။ ဒုစရိုက် ၁၀ ပါး၊

၄။ သုစရိုက် ၁၀ ပါး။

၅။ ဆွမ်းတော်ကပ်နှင့် ဆုတောင်း။

၆။ ပန်းတော်ကပ်နှင့် ဆုတောင်း။

၇။ ရေတော်ကပ်နှင့် ဆုတောင်း။

၈။ မီးတော်ကပ်နှင့် ဆုတောင်း။

အချုပ်။ ။ သရဏဂုံ တည်ရုံမျှဖြင့်, ဥပါသက ဖြစ်ပါပြီ၊
ကိုယ်ကျင့်သိက္ခာ လုံခြုံကြဖို့, ငါးပါးသီလ ပညသ်။
ဒုစရိုက်တွေ ရှောင်သွေခဲ့လို့, သုစရိုက်သဲ စုံအည်၊
ဆွမ်း ပန်း ရေတော် မီးတော် ကပ်၍, နေ့စဉ် မပျက်
ပြုသင့်သည်။

# တတိယတန်း

၁။ တရားဂုဏ်တော် ၆ ပါး အနက်။

၂။ ဩကာသမှ စ၍ ပါဠိလို သရဏဂုံနှင့် ငါးပါးသီလ ယူပုံ။

၃။ ဝုဍ္ဍကြိယာဝတ္တ ၁၀ ပါး။
[ ပါဠိ — မြန်မာ ၂ မျိုးလုံး ရေတွက်တတ်အောင် သင်ရန်။]

အချုပ်။ ။တရားစစ်မှန် ကျင့်ကြံကြမှ, ချမ်းသာသုခ ရနိုင်မည်၊ တရားတုတွေ ကျင့်နေကြလို့, ဆင်းရဲဒုက္ခ ရောက်ရသည်။

ယခု တစ်ဖန် အမှန်လမ်းသို့ အမြန်လှမ်းဖို့ ချိန်တော်ပြီ၊ သို့မှ တိုင်းပြည် ဘာသာရေးကြောင့်, သာယာ အေးဆေး ရှိလိမ့်မည်။

# စတုတ္ထတန်း

၁။ သံဃာ့ဂုဏ်တော် ၉ပါး အနက်။

၂။ ရှစ်ပါးသီလ ခံယူနည်း။

၃။ မင်္ဂလသုတ် ပါဠိနှင့် မြန်မာလင်္ကာ။

၄။ ဗြဟ္မစိုရ်တရား ၄ ပါး။

အချုပ်။ ။မူလတန်းဝယ် သိဖွယ်ဆုံးလို့, နိဂုံး ဤ၌ အုပ်တော့မယ်၊

သိရုံမျှနဲ့ တယ်မကောင်းဘူး, လူကောင်းဖြစ်ဖို့ လိုကြတယ်။

လူကောင်းဖြစ်[illegible]ရာမြတ်[illegible], မကြာကပ်လို့ မေးပါကွယ်၊

မေးသော် ဖြေရန် ဆရာကောင်းသဲ့, တစ်ရွာ တစ်ကျောင်း ရှိသင့်တယ်။

အခန်းတိုင်း၌ သင်နည်းညွှန် ပြချက်ကို ကြည့်၍
ဆရာများက သင်ပြပေးကြပါ။

# ဆုတောင်း သင်နည်း

**အမှာ ။** ။ ဤဆုတောင်းနှင့် နှုတ်တက် ရသင်သော စာများကို ဆရာက နှုတ်ဖြင့် ချပေးရပါမည်။

၁။ သရဏဂုံ ၃ ပါးကို အောက်ပါအတိုင်း အဖြတ်အတောက် မှန်ကန်စွာဖြင့် ပီပီ သသ ဖြေး ဖြေး ချပေးပါ။

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ** = ဘုရားရှင်ကို ကိုးကွယ်ပါ၏။

**ဓမ္မံ သရဏံ ဂစ္ဆာမိ** = တရားတော်ကို ကိုးကွယ်ပါ၏။

**သံဃံ သရဏံ ဂစ္ဆာမိ**–အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ = ၂ ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ = ၂ ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ = ၂ ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ=၃ ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ = ၃ ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ = ၃ ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

**ကလေးများ သရဏဂုံယူနိုင်ပုံ** ကလေးများသည် ဘုရား တရား အရိယာသံဃာ တော်များ၏ ဂုဏ်တော်ကို မသိသေးသော်လည်း သရဏဂုံ (ကိုးကွယ်မှု) စိတ်ကား ဖြစ်နိုင်ပါသည်၊ ဗောဓိမင်းသား၏ မယ်တော်သည် မင်းသားကို ကိုယ်ဝန်ဆောင်စဉ် ဘုရားရှင်နှင့် တွေ့၍ "တပည့်တော်၏ ကိုယ်ဝန်သူငယ်သည် ဘုရား တရား သံဃာတော်ကို ကိုးကွယ်ပါ၏" ဟု ကိုယ်ဝန်အတွက် သရဏဂုံ ယူဖူး၏၊ ထို့နောက် ဖွားမြင်ပြီး၍ အထိန်းတော်သည် မင်းသားကလေးနှင့်အတူ ဘုရားအထံ ရောက်သောအခါ "ရင်ခွင်၌ရှိသော ဗောဓိမင်းသားသည် ဘုရား တရား သံဃာတော်ကို ကိုးကွယ်ပါ၏" ဟု လျှောက်ပြန်၏၊ ဤဝတ္ထုကို ထောက်လျှင် "ဂုဏ်တော်ကို မသိသော်လည်း သရဏဂုံ ယူသော ရှေးထုံးရှိ၏" ဟု သိနိုင်ပါသည်။

**ဗုဒ္ဓ။** ။ဘုရားရှင်၏ အဖြစ်တော်စဉ် အကျဉ်းချုပ်ကို အောက်ပါ အတိုင်း ပိုင်းခြား၍ ပုံဝတ္ထုပြောသလို အေးအေး ဆေးဆေး ဖြေးဖြေးသက်သာ ပြောပေးပါ။

(က) သုမေဓာဘဝ၌ စည်းစိမ်စွန့်၍ တောထွက် အကျဉ်း။

(ခ) ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ ဗျာဒိတ်ခံပုံအကျဉ်း။

(ဂ) ဝေဿန္တရာမင်းဘဝ၌ ဒါနပြုပုံအကျဉ်း။

(ဃ) ဘူရိဒတ္တနဂါးမင်းဘဝ၌ အသက်စွန့်၍ သီလစောင့်ပုံ အကျဉ်း။

(င) သိဒ္ဓတ္ထမင်းသားဘဝ၌ ထီးနန်းစံတော်မူပုံ အကျဉ်း။

(စ) သူအို၊ သူနာ၊ သူသေကို မြင်၍ ထီးနန်းစည်းစိမ်၌ ငြီးငွေ့ နေတုန်းမှာ ကြည်ညိုဖွယ် ရဟန်းတော်ကို မြင်ရ၍ **တောထွက်တော်မူပုံ အကျဉ်း။**

(ဆ) တောထည်း၌တရားကျင့်၍ အသိဉာဏ်အထူးကို ရသဖြင့် ဗုဒ္ဓဖြစ်တော်မူပုံကို ပြောပြပါ။

ထို ဇာ ကြောင်းအရာများကို တစ်နေ့လျှင် တစ်မျိုးစီမျှ ပြောပြ၍ ပြီးဆုံးသောနေ့၌ “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဘုရားရှင်ကို ကိုးကွယ် ပါ၏” ဟု သံပြိုင်ညီညီ လက်အုပ်ချီ၍ ကလေးများဆိုပါစေ။

ဓမ္မ။ ။ဗုဒ္ဓဖြစ်တော်မူပြီးသောအခါ လူအများ၏ ချမ်းသာဖို့နှင့် ကိုယ်ကျင့်ကောင်းကြဖို့ရန် တရားကို ဟောတော်မူ၏၊ ထိုတရားတော်အတိုင်း နေထိုင်သူများသည် လက်တွေ့ ချမ်းသာမှုကို ရနိုင်၏၊ ဥပမာ–“အသေဝနာ စ ဗာလာနံ လူမိုက်တို့ကို မမှီခိုရ၊ မပေါင်းသင်းရ၊ ပဏ္ဍိတာနဉ္စ သေဝနာ – လူလိမ္မာ ပညာရှိတို့ကို မှီခိုရ၊ ပေါင်းသင်းရမည်” ဟု ဟောတော်မူသည့် အတိုင်း လူမိုက်ကိုမပေါင်းဘဲ လူလိမ္မာကို ပေါင်းသူမှာ လက်တွေ့ ချမ်းသာကို ရခြင်းမျိုးတည်း၊ ထို့ကြောင့် ထိုတရားတော်များအတိုင်း လိုက်နာနေထိုင်ခြင်းသည် တရားကိုကိုးကွယ်ခြင်း ပင်တည်း၊ ဤသို့ ကလေးများ နားလည်ရုံ ပြောပေးပြီးသော နေ့၌ “ဓမ္မံ သရဏံ ဂစ္ဆာမိ–တရားတော်ကို ကိုးကွယ်ပါ၏” ဟု သံပြိုင်ညီညီ လက်အုပ်ချီ၍ ကလေးများကို ဆိုပါစေ။

ဗုဒ္ဓဘာသာ။ ။ဗုဒ္ဓ–ဘုရားရှင်၏+ ဘာသာ–ဟောတော်မူအပ်သော တရားစကား၊ ထို ဘုရားစကားတော် လိုက်နာသော (ဘုရားတရားတော်ကို ယုံကြည်၍ ကိုးကွယ်သော) လူအများကို “ဗုဒ္ဓဘာသာဝင်” ဟု ခေါ်သည်။

သံဃာ။ ။ ဗုဒ္ဓရှင်တော် ပွင့်တော်မူလာ၍ တရား ဟောတော်မူသောအခါ “ဤ တရားတော်အတိုင်း အပြည့်အစုံ နေထိုင်

ဖို့ရန် လူဝတ်ကြောင်ဘဝ၌ မလွယ်ကူ”ဟု ယူဆ၍ တရားကျင့်လိုသော ဆန္ဒဖြင့် ရဟန်းပြုလာသော ရဟန်းတော်အပေါင်းကို “သံဃ”ဟု ခေါ်၏၊ ဘုရားဖြစ်တော်မူပြီး၍မကြာမီ ရှေးပိုင်းကာလ၌ သံဃာတော်များသည် တရားပေါက်၍ အရိယာဖြစ်ပြီးသော သံဃာတော်အစစ်များသာ ဖြစ်ခဲ့ကြပေသည်။

နောက်၌ကား “တရားပေါက်-မပေါက်, တရားကျင့်-မကျင့်” အားဖြင့် သံဃာအမျိုးမျိုး ရှိပေသည်၊ ဘုရားတရားတော်ကို သံဃာတော်အများပင် မပျောက်မပျက်အောင် ယနေ့အထိ ဆောင်တော်မူလာခဲ့သောကြောင့် လည်းကောင်း, အဆင့်ဆင့် ပို့ချ၍ လူဝတ်ကြောင်တို့အား နားလည်အောင် ဟောပြတော်မူသောကြောင့် လည်းကောင်း, ဤသံဃာတော်သည် အလွန်ကျေးနပ်ဖွယ် ကောင်းလှပေပြီ၊ တရားပေါက်ပြီး၍ အရိယာဖြစ်ပါမူကား စိတ်နေစိတ်ထား အလွန် ဖြူဝင်သောကြောင့် ကိုးကွယ်ဖို့ရာ ရတနာတပ်ပါး ဖြစ်ပါပေသည်၊ ဤသို့ ပြော၍ ပြီးစီးသောနေ့၌ “သံဃံ သရဏံ ဂစ္ဆာမိ=အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏” ဟု သံပြိုင်ညီညီ လက်အုပ်ချီ၍ ကလေးများ ဆိုပါစေ။

သရဏဂုံတည်သူ၊ “သရဏ + ဂမန” ဟူသော ပုဒ်ကို “သရဏ+ဂုံ” ဟု ခေါ်၏၊ သရဏ-ကိုးကွယ်ရာဟူ၍+ဂမန-သိသော စိတ်.... ဘုရား တရား အရိယာ သံဃာတော်များကို ကိုးကွယ်စရာဟု သိသောစိတ်ကို “သရဏဂုံ” ဟု ခေါ်၏၊ မိမိမှာ ထိုသရဏဂုံ စိတ်ရှိကြောင်းကို ထုတ်ဖော်ပြသောအားဖြင့် “ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ” စသည်ကို ဆိုရသည်၊ ထိုစိတ် မပြောင်းသမျှ ( [illegible] အယူမပြောင်းသမျှ ) “သရဏဂုံ

တည်သူ''ဟု ခေါ်၏၊ ထိုသို့ သရဏဂုံ တည်ခြင်း၏ အကျိုးကို သိဖို့ရာ အောက်ပါဝတ္ထုကို ပြောပါ။

**၁၈။ သရဏဂုံတည်နေသော ဗာမျိုးသားအကြောင်း**

အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ မျက်မမြင် မိဘတို့ကိုပြုစုလုပ်ကျွေးနေသော လုလင် ၁ယောက်သည် သရဏဂုံ ၃ ပါးကို တစ်သက်လုံးမပျက်အောင် ဆောက်တည်ခဲ့လေသည်၊ထို လုလင်သည် ထိုဘဝမှ သေလွန်လျှင် သရဏဂုံ ဆောက်တည်ထား သော ကောင်း မှုကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရ လေသည်၊ ထိုနတ်သာ သည် လိုဘဝမှစ၍ အပါယ် ၄ ပါးမလား ရဘဲ နတ်မင်း စည်းစိမ် လူမင်း စည်းစိမ် အကြိမ်များစွာ ခံစား၍ ငါတို့ဘုရား ပွင့်တော်မူလာသော အခါ သာဝတ္ထိမြို့ဝယ် ဥစ္စာ ကြွယ်ပြီး သူဌေးမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ကစား‌ဖော် သူငယ်များ၏ ရှေ့သွား ခေါင်း ဆောင်ဖြစ်၍ အခါတစ်ပါး၌ ရဟန်းတော်များ၏ကျောင်းတိုက်သို့ ရောက်သွားလေရာ, ရဟန္တာတပ်ပါးက သရဏဂုံ၃ပါးကို ပေးလေ လျှင်, ရှေးရှေးက ဝါသနာ ပါလာသူဖြစ်၍ ၇ နှစ် အရွယ်မှာပင် ရဟန္တာ ရဟန်းတော်ကလေး ဖြစ်ရလေသည်။

[သုဘူတိဝဂ္ဂ, သရဏဂမနိယတ္ထေရအပဒါန်ပါဠိတော်။]

**၂၂။ ငါးပါးသီလပျက်သူတို့ ငရဲခံရပုံ**

အဖွား။ ။ကျွန်ုပ်အနေနှင့်ကလေးများအား ဖတ်ရက်လျှင်ကဝိ၊ကိုပြရ၍အဘုက ထိတ်လန့်သည့် အပုအရာ၌ ငရဲခံရပုံကို ပြောပေပါ၊

( က ) သူတစ်ပါးကို ညှဉ်းဆဲ သတ်ဖြတ်သူ၊ ၊ လူ့ဘဝတုန်းက ဥစ္စာအင်အား အမျိုးအင်အား လက်ရုံးအင်အား အာဏာ အင်အား ခွန်အားဗလ အင်အား ရှိကြသူတို့သည် မိမိ



သူ့ အောက် သယ်မိသူတို့ ဖမ်း၍ မိနေကြရပုံ

တို့လောက် အင်အားမကောင်းသူတို့ကို ညှဉ်းဆဲကြ၊ ဆဲဆို ကြိမ်းမောင်းကြ၊ သတ်ဖြတ်ကြကုန်၏၊ ထိုသူတို့သည် သေသော အခါ "ဝေတရဏီ" မည်သော ငရဲ၌ ဖြစ်ကြရလေသည်။

**ငရဲ၏ တည်နေပုံ။** ။"ဝေတရဏီငရဲ" ဟူသည် မြစ်ရေကဲ့သို့ စီးနေသော ငရဲ တည်း၊ ထိုငရဲမြစ်ရေ၌ မီးအလျှံ တောက်၍ သင်တုန်းအသွားကဲ့သို့ ထက်သောဆူးရှိသော ကြာဖက်တို့ ရှိကြ၏၊ ကြာဖက်တို့၏အောက်၌ကား မီးအလုံးတောက်နေသော ဆားငံရေသည် တက်ရေကျရေကဲ့သို့ အထက်စီးလိုက်၊ အောက် စီးလိုက် ဖြစ်နေ၏၊ ထိုငရဲ၏အထက်အမိုး၌ကား ခက်ရင်း(ခရင်း) ပမာဏအဆူးထသော ကြိမ်နွယ်တို့ဖြင့် ဖုံးလျက် နေလေသည်။

**ငရဲခံရပုံ။** ။ထိုငရဲအနီး၌ ရောက်လာသူတို့ကို မီးအလျှံ တောက်၍ နေသော သန်လျက်၊ ခက်ရင်း၊ တင်းပုတ် ကိုင်ထားသော ငရဲ ထိန်းကြီးတို့က ပထမဆုံး သတ်ပုတ်ညှဉ်းဆဲကြကုန်၏၊ ထိုအခါ ထိုအညှဉ်းဆဲကို မခံနိုင်၍ ပြေးကြသူတို့သည် ဝေတရဏီငရဲ၏ အမိုးဖြစ်သော မီးအလျှံ တောက်နေသော ခက်ရင်းအခွကဲ့သို့ အဆူးထနေသော ကြိမ်နွယ်တို့အပေါ် ကျရောက်ကုန်၏၊ ထိုအမိုး ပေါ်မှ တဖြည်းဖြည်း အောက်ခံ ရေသို့ ရောက်ကြရလေသည်၊ အောက်ခံရေသို့မရောက်မီ မီးအလျှံ၏ပူလောင်ခြင်း၊ အဆူးတို့၏ ထိုးဆွခြင်းကိုခံ၍ အသားတွေအပိုင်းပိုင်း ပြတ်ပြီးမှ မီးအလျှံ ထနေသော အောက်ခံဆားငံရေဝယ် စုန်ချည်ဆန်ချည် မျော လျက် ပါဏာတိပါတကံ၏အစွမ်း မကုန်မချင်းခံကြရလေသည်။

**ပုံကိုပြ၍ ဩဝါဒ။** ။ကလေးများသည် သူ့အသက်သတ်ခြင်းကို ပြုသည့်အတွက် ငရဲခံရပုံကို ကြည့်ကြပါ၊ သူ့အသက်ကို မသတ် ကြပါနှင့်၊ ကြက်ကလေး ငှက်ကလေးများကိုမျှ မသတ်ကြ



ထူတာ်ပါ႞ညွှခကို မတၞုးယူမိသွ်ကို ဝရဲ့ဠ် ခံဓ ကြာ၊

ပါနှင့်၊ သင်း, ကြွန်းပိုးတို့ကို မသတ်ကြပါနှင့်၊ သနားကြ, ညှာတာကြပါ၊ ဆင်းရဲသူ, အားနည်းသူ, ကိုယ့်အောက်က လူများကို မနှိပ်စက်ဘဲ ကူညီကြပါ။

**(ခ) သူ့အပိုင်းဥစ္စာကို မတရားယူသူ။** ။ ကျေကျေနပ်နပ် မပေးအပ်ဘဲ သူတစ်ပါး၏ သက်ရှိပစ္စည်း သက်မဲ့ပစ္စည်းကို ခိုး၍ယူခြင်း, ဓါးပြတိုက်၍ ယူခြင်း, အာဏာဖြင့် ယူခြင်း, အလေး တင်းတောင်း ချိန်ခွင်တို့ဖြင့် လိမ်လည် လှည့်စား၍ ယူခြင်း, ရောင်းကုန်များ၌ ရေဖြန်းမှု, ရောထိုမှု, နှောသည် ရောမှု စသော အမှုများကို ပြုခြင်း, ဖျင်အသူတို့၏ဥစ္စာကို ညာ၍ ယူခြင်း, ချောက်လှန့်၍ယူခြင်း, နှုက်၍ယူခြင်းစသော အားဖြင့် မတရားယူမှုအားလုံးကို "အဒိန္နာဒါန" ဟု ခေါ်၏၊ ထိုအဒိန္နာဒါနအမှုကို လူ့ဘဝ၌ ပြုခဲ့သူသည် သေသောအခါ ငရဲ၌ ဖြစ်ရတတ်၏။

**ငရဲခံနေမှု။** ။ ကြောက်မက်ဖွယ် ပုံသဏ္ဍာန်ရှိသော ငရဲထိန်းတို့သည် ရောက်လာသော ငရဲသားကို လှံစသော လက်နက်အမျိုးမျိုး ဖြင့် (မုဆိုးတို့က သမင်စသော သားကောင်ကို ဝိုင်း၍ ထိုးကြသကဲ့သို့) ဟိုဘက် သည်ဘက်က ဝိုင်း၍ ထိုးကြကုန်၏၊ ငရဲသား၏ တစ်ကိုယ်လုံးမှာ (ဖက်ရွက်အပေါက်ကဲ့သို့) အပေါက် အပေါက် ဖြစ်နေ၏၊ ဤသို့ တစ်ကိုယ်လုံး ပေါက်နေသော်လည်း အဒိန္နာဒါန အကုသိုလ်ကံ၏ အစွမ်း မကုန်သေးသမျှ ငရဲမှ မလွတ်ဘဲ ခံနေကြရသည်။

**ပုံကိုပြ၍ဩဝါဒ။** ။ ငရဲခံရပုံကို ကြည့်ပါ၊ ကလေးများလည်း ဘယ်အခါမှ သူ့ဥစ္စာကို မတရားမယူကြပါနှင့်၊ မိဘ၏ဥစ္စာကို ပင် မသိအောင် မယူဘဲ တောင်း၍ ယူကြပါ။



သူ့သားမယားကို ကျူးလွန်မိသူတို့ ငရဲ၌ ခံနေကြရပုံ


(ဂ) **ကာလမသုံးခြာအရေး** ။ကာလမရှုံ့ခံစားရာ၌ မိမိပိုင် မယား၊ မိမိပိုင်လင်နှင့် ခံစားခြင်းချိုးမဟုတ်ဘဲ သူ့မယားနှင့် လည်းကောင်း၊ မိမိလင်မှတခြားယောကျ်ားနှင့်လည်းကောင်း ခံစားခြင်းကို "မိစ္ဆာစာရ-ယုတ်မာသောအကျင့်" ဟု ခေါ် သည်၊ ထိုသို့ပြုကျင့်သော ယောကျ်ား မိန်းမတို့သည် သေသော အခါ ငရဲ၌ ဖြစ်တတ်ကြသည်။

**ယောကျ်ား ငရဲခံရပုံ။** ။ငရဲ၌ မီးကျီးဘိုဖြင့် ပြည့်နေသော ငရဲ တွင်းကြီးရှိ၏၊ ရောက်လာသော ငရဲသားကို ငရဲထိန်းတို့သည် လက်နက်ချိုးစုံဖြင့် ခုတ်ကြ ထိုးကြလေရာ ငရဲသားသည် ပြေး သွားရင်း ထိုငရဲတွင်းကြီးအနီးသို့ ရောက်သွားလေ၏၊ ထိုအခါ ငရဲထိန်းတို့သည် ငရဲသားကို ဦးခေါင်းစောက်ထိုးတား၍ ထို တွင်းကြီးထဲသို့ ပစ်ချကြလေသည်။

**မိန်းမ ငရဲခံရပုံ။** ။ငရဲသူမသည် တစ်ကိုယ်လုံး အသားတွေကွဲအက် နေ၏၊ ကွဲအက်သော အသားမှ စီးကျနေသော အသွေးတွေ တစ်ကိုယ်လုံးဖုံးနေ၏၊ အလျှံတောက်နေသော သံမြေတွင်းငယ် ပေါ်၌လေးဖက်အထိ မြှုပ်၍ စိုက်ထား၏၊ အရှေ့အရပ်မှ အလျှံ တောက်သော သံတောင်ကြီးတစ်လုံးလိမ့်၍လာကာ ထိုငရဲသူမ ကို ကြိတ်၍ အနောက်သို့သွားလျှင် တောင်အရပ်မှ သံတောင် ကြီးက လာ၍ ကြိတ်သွားပြန်၏၊ ငရဲသူမကား လက်ဖြက်တို့ကို မြှောက်ကာ မြောက်ကာ ဟစ်အော်၍ ခံရလေတော့သည်။

**မုံကိုပြ၍ ဩဝါဒ။** ။မိဘ ပယသား မိမိလင်ဖြင့် တင်းတိမ်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်းကို ဩဝါဒပေးပါ။

(၃) မူလတန်း[illegible]ရေး



ငါ့ကိုလည်း ပြောဆိုမိသောသူတို့ ငရဲ၌ ခံနေကြရပုံ

ဆ) **မုသားပြောသူ။** ။နှုတ်ဖြင့် ပြောသည်ဖြစ်စေ၊ စာရေး၍ ဖြစ်စေ သူတစ်ပါး အထင်အမြင် အသိလွဲအောင် ပြောဆို ရေးသားခြင်းကို "မုသားပြောခြင်း" ဟု ခေါ်၏၊ ထိုသို့ မုသား ပြောဆိုရေးသားသူသည် တစ်စုံတစ်ခုသော ကိုယ်ကျိုးကိုလည်း မြော်တတ်သေးရကား သူများအကျိုး ပျက်စီး သလောက် အပြစ်ကြီး၏၊ ထို့ကြောင့် သေသောအခါ တစ်ချို့ မုသား အတွက် ငရဲ၌ ဖြစ်ရတတ်လေသည်။

ငရဲခံရပုံ ။ ။ရောက်လာသော ငရဲသားကို ငရဲထိန်း တို့သည် ထန်းပင်လုံး ပမာ ရှိသော မီးလျှံတောက်နေသော ငါးမြှား ချိတ်ဖြင့် လျှာကိုဖောက်၍ ဆွဲငင်ကြကုန်၏၊ ငရဲသားတို့သည် မီးလျှံတောက်နေသော သံမြေပြင်ပေါ်၌ လှဲကြကုန်၏၊ ထို အခါ (သားရေကြက်၍ နေပူလှမ်းသောအခါ သားရေကို ပတ်ပတ်လည်က စို့တံကျင်များစွာ စိုက်နှက်သကဲ့သို့) ထို ငရဲ သားကို စို့တံကျင်များစွာဖြင့် စိုက်နှက်ကြလေသည်၊ ငရဲသား သည် အော်ကာ ဟစ်ကာ ခံရင်းပင် ပါးစပ်မှလည်း တံတွေး တွေကို တဗြပ်ဗြပ် ထွေးထုတ်ရလေသည်။

မှန်ကိုပြ၍ ဩဝါဒ။ ။ကလေးအရွယ်သည် လိမ်၍ပြောလွယ်သော အရွယ်ဖြစ်၏၊ ထို့ကြောင့် လိမ်ပြောတတ်သူ၏အပြစ်ကို ဆရာ တို့က များများ ပြောပေးပါ၊ ဆရာ မိဘတို့က မေးလျှင် မှန်မှန် ပြောပါဟု ဩဝါဒပေးပါ။



ငကျုံးရှု ဇ္ဇီ ခံသောက်ဝါးပုံ



ម្ដី ឲយទៅហ៍ចាស្មុំ

( င ) **သေရည်အရက် သောက်သူ** ။ ။ သေရည်အရက်သည် စွဲလမ်းဖွယ်သဘောရှိ၏၊ တစ်ခါသောက်မိလျှင် နောက်တစ်ခါ နောက်တစ်ခါ သောက်ချင် သောက်ချင်လာ၏၊ ထိုသို့ အသောက်အားကြီး၍ မူးယစ်လာသောအခါ အချင်းချင်း ငြင်းခုံစေ့ ဆော်ခြားသူကိုဖြစ်စေ ရိုက်မှု သတ်မှု ပါဏာတိပါတမှုကို ပြုတတ်၏။

ကျေးရွာများ၌ ထန်းရည်မူးတို့သည် ထန်းတော၌ သောက်စား၍ ပြန်လာသောအခါ မိမိကိုယ်ကို မထိန်းနိုင်ဘဲ ဒယိမ်းဒယိုင်နှင့် လာကြ၏၊ ပါးစပ်ကလည်း မတော်တာတွေ ပြောကြ၏၊ ကိုယ့် အပြစ်ကိုပင် ဖေါ်ပြတတ်၏၊ အမူးသမားချင်း စကားပြော မတည့်၍ ရိုက်မှု သတ်မှုများပင် ဖြစ်ကြလေသည်။

မြို့ကြီးများ၌လည်း လူကြီး လူကောင်း ဆိုသူနှဲ့ အထက်တန်း အမျိုးသမီးဆိုသူတို့သည် ကလပ်တက်၍ အရက်ကို အလွန် အကျွံသောက်မိလျှင် ကိုယ့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ သူ့ချား မယား, မိမိ၏ လင်မဟုတ်သော အခြား ယောကျ်ားနှင့် ပျော်ပါးမှုတွေဖြစ်တတ်လေ၏၊ ရှင်ဘုရင်တစ်ဦးကား သေရည် မူးနေချိန်မှာ ပွဲတော်ဆက်လာလျှင် အသားဟင်း မပါသော ကြောင့် ရင်နှင့်ထက်က သားကလေးကိုသတ်၍ ချက်စေသဘဲ့။

ပုံကိုပြ၍ သွေ၀ါဒ ။ သေရည်အရက်ဆိုတာ သောက်ရုံသက်သက် ဖြင့် ရပ်မနေဘဲ နောက်ဆပ် မကောင်းမှုတွေ ပါလာစေတတ် ၏၊ ထို့ကြောင့် ကလေးများသဲ မူးယစ်စေတတ်သော အစား ဟူသမျှကို ဘိုန်း ကဇော်မှစ၍ ရှောင်ကြပါ။


## ၃။ သီလရှိသူကို နှတ်ပြည့်၍ စံရပုံ

**သီလရှိသော အမျိုးသား ။** ။အနောမဒဿီ မြတ်စွာဘုရား လက်ထက်တော်၌ လုလင် တစ်ယောက်သည် ဆင်းရဲ နွမ်းပါး၍ အလုပ်သမားဘဝဖြင့် နေရသော်လည်း ရဟန္တာတစ်ပါး၏အထံ၌ ငါးပါးသီလ ခံယူ၍ အမြဲပုံမှန်အောင် စောင့်ထိန်းခဲ့ လေသည်၊ တစ်သက်လုံး ယုံယုံကြည်ကြည် စောင့်ထိန်း၍ သေခါနီးသော် ထိုသီလ ကိုပင် အမှတ်ရစွာ စုတေကာဖြင့် တာဝတိံသာနတ်ပြည်၌ ဖြစ်ရ လေသည်၊ ထိုနတ်သားလည်း အပါယ် ၄ ပါး မလားရဘဲ လူ့နတ် စည်းစိမ်ကို အကြိမ်များစွာ ခံစား၍ ငါတို့ဘုရား လက်ထက်တော် ၌ ဝေသာလီမြို့ဝယ် အထက်တန်းအမျိုး၌ ဖြစ်လာလေသည်။

ထိုသူငယ်သည် ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ မိဘ ၂ ပါးတို့ ငါးပါးသီလ ခံယူသံကို ကြားရ၍ ရှေးဝါသနာပါလာ သောကြောင့် ထိုနေရာမှာပင် သူ၏သီလကို သတိရသဖြင့် ရဟန်း ပြုကာ ရဟန္တာတစ်ပါး ဖြစ်သွားလေသည်။

[သုဘူတိဝဂ္ဂ၊ ပဥ္စသီလသမာဒါနိယ ထေရအပဒါန် ပါဠိတော်။]

**နှုတ်ပြ၍ ဩဝါဒ ။** ။ ဤသူငယ်၏ ရှေးဘဝက သီလထိန်းခဲ့၍ နတ်ပြည်၌ စည်းစိမ်ခံစားရပုံကို ကြည့်ပါ၊ နောက်ဆုံးဘဝ၌ ရဟန္တာ ဖြစ်လာရတာလဲ သီလထိန်းခဲ့တဲ့ ကုသိုလ်ဟာ အရင်း ခံဘဲ၊ ဒါကြောင့် ကလေးတို့လဲ ယခုပို ငယ်ငယ်ကစ၍ ငါးပါး သီလ မပျက်ရအောင် စောင့်ထိန်းလျက် လူတော် လူကောင်း ကလေးဖြစ်အောင် ပညာကို ကြိုးစားကြပါ။



နတ်စည်းစိမ် ခံစားပုံ

၄။ သီလပျက်သူ၏ အကျိုးရေး။ ။သီလပျက်သူသည် ငရဲမှလွတ်၍ ပြိတ္တာဖြစ်ရတတ်သေး၏၊ ပြိတ္တာဖြင်ပြီ ၍ လူ့ဘဝရသောအခါ အင်္ဂါချို့ယွင်းခြင်းစသော အပြစ်များနှင့်တွေ့ကြုံရလေသည်။

၅။ သီလရှိသူ၏အကျိုးရေး။ ။သီလရှိသူသည် နတ်ပြည်၌ ဖြစ်ပြီး နောက် လူ့ဘဝပြန်ရောက်သောအခါ မျက်စိ နား နှာခေါင်း စသော ကိုယ်အင်္ဂါ ပြည့်စုံသူများ ဥစ္စာကြွယ်ဝသူများ ဖြစ်ရ တတ်လေသည်။

လင်္ကာများ။ ။အောက်ပါလင်္ကာများကိုရအောင် တစ်နေ့တစ်နေ့ နည်းနည်းစီ ချပေး၍ အဓိပ္ပါယ်ကိုလည်းပြောပေးပါ၊ ရတနာ့ ဂုဏ်ရည် စာအုပ်၌ ထိုလင်္ကာများ၏ အဓိပ္ပါယ် ပါပါသည်၊ ထိုလင်္ကာများသည် သာရတ္ထသင်္ဂဟကျမ်းမှ ထုတ်၍ ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၌ ပြအပ်သော လင်္ကာများ ဖြစ်ပါသည်။

ပါဏာတိပါတ။ ။ပါဏာတိပါတ်, သူ့သက်သတ်က, ချို့တတ် အင်္ဂါ, မွဲပြာချုပ်သွင်, အားအင်ယိုယွင်း, လျင်ခြင်းလည်းဝေး, ဘေးကိုကြောက်တတ်, အသတ်ခံရ, အနာများလျက်, ခြေရံပျက်၍, အသက်တိုလျ, ဖြစ်များစွာသည်,.... ရှောင်က အပြန် အကျိုးတည်း။

အဒိန္နာဒါန။ ။အဒိန္နာဒါ, ခိုးမိပါမူ, ဥစ္စာနည်းမွဲ, ဆင်းရဲ တော်ဘိ, လိုရှိမရ, ဘောဂပျက်စီး, ရေ-မီး-သူခိုး, မွေခံဆိုးနှင့်, မင်းဆိုးအပြား, ရန်မျိုးငါးကြောင်, ပျက်ပြားဥစ္စာ, ဖြစ်များ စွာသည်...ရှောင်ကာအပြန် အကျိုးတည်း။

**ကာမေသုမိစ္ဆာစာရ။** ။မိစ္ဆာစာရ, လွန်ကျူးကလည်း, မုန်းကြံသူများ, ရန်သူပွား၍, ရှားပါးလာဘ်တိတ်, ချမ်းသာဆိတ်၏။ ဣတ္ထိပဏ္ဍုက်, မျိုးယုတ်ခါခါ, မျက်နှာမလှ, အရှက်ရလျက်, လက္ခဏာဣန္ဒြေ, ယွင်းသွေချို့သိမ်, စိုးရိမ်များစွာ, ချစ်သူကွာသည်—ရှောင်ကာအမြန် အကျိုးတည်း။


**မုသာဝါဒ။** ။မှုသားစကား, ပြောဆိုငြားမူ, စကားမပီ, သွားမညီတည်း, ပုပ်ညှီပါးစပ်, ခြောက်ကပ်ကိုယ်ရေ, ဣန္ဒြေနောက်, ပုံယွင်းဖောက်၏၊ မရောက်ဩဇာ, နှုတ်လျှာကြမ်းယော်, လျှပ်ပေါ်လော်လီ, စိတ်မတည်သည်—ရှောင်ကြဉ်အမြန် အကျိုးတည်း။

**သုရာမေရယ။** ။သေရည်သောက်လင့်, သင့်-မသင့်၌, ရေးခွင့်မသိ, ပျင်းရိမေ့ချူး, ကျေးဇူးမဆပ်, ဟိရောတ္တပ်ကင်း, ခပင်းများထို, အကုသိုလ်ကို, မငြိုလွယ်စွာ, ပြုကျင့်ရာသည်—ရှောင်ကာအမြန် အကျိုးတည်း။


**အမှာ။** ။ ဤမျှတိုင်အောင် သင်ပြီးရာနေ့၌ သူငယ်တန်းဝယ် ပြထားသော အချုပ်ကဗျာကို အသံအနေအထား ကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ကလေးများ ရွတ်ဆိုပါစေ။

## သူငယ်တန်းသင်နည်း ညွှန်ပြချက်

ပြီး၏။



နတ် ဗြဟ္မာတို့ ညီညာချီးစု တောင်းပန်မှု



ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည်

## ပထမအတန်း သင်နည်း

၁။ **ဘုရားအဖြစ်တော်စဉ်။** ။သူငယ်တန်း၌ နည်းနည်းပါးပါး သိခဲ့ရသော ဘုရားအကြောင်းကို ပို၍သိဖို့ရန် ထပ်မံ သင်ပြစေရပါသည်၊ ဤအတန်း၌လည်း ကလေးများ စာမဖတ်တတ်သေးသောကြောင့် ပုံများကို ပြလျက် သင်သင့်ပါသည်၊ လယ်တီဆရာတော်ဘုရား၏ လင်္ကာများကို အသံနေ အသံထားဖြင့် ချပေး၍, ထိုလင်္ကာအတိုင်း ပုံကို ပြ၍ ပြောပါ။


(က) သုံးလူ့ရှင်ပင်, ကျွန်ုပ်ထိပ်တင်, သောင်းခွင် စကြဝဠာ, နတ်ဗြဟ္မာတို့, ညီညာရုံးစု, တောင်းပန်မှုကြောင့်, ရတုနဂို, ရွှန်းရွှန်းစိုသည့်, ဝါဆိုလပြည့်, ကြာသပတေးနေ့ဝယ်, ချမ်းမြေ့ကြည်ဖြူ, သန္ဓေယူသည်............ နတ်လူငြိမ်းဖို့ ကိန်းပါကို။

(ခ) သန္ဓေယူကာ, ဆယ်လကြာသော်, မဟာသက္ကရာဇ်, ငါးခြောက်ဆယ့်ရှစ်ကြုံ, ကဆုန်လပြည့်, သောကြာနေ့ဝယ်, ချမ်းမြေ့စုံညီ, လုမ္ဗိနီ၌, မဟီလှိုက်ဆူ, ဖွားတော်မူသည်— နတ်လူအောင်မြို့ လမ်းပါကို။

(ဂ) ဖွားမြင်ခြောက်သော်, ဆယ့်ခြောက်နှစ်ရွယ်, ပျိုနုနယ်၌, သုံးသွယ်ရွှေနန်း, သိမ်းမြန်းပြီးလစ်, ဆယ့်သုံးနှစ်လျှင်, ဘုန်းသစ်လျှံလူ, စံတော်ယူ၍, ရွယ်မှုနုဖြိုး, နှစ်ဆယ့်ကိုးဝယ်, လေးမျိုးနိမိတ်, နတ်ပြဟိတ်ကြောင့်, ရွှေစိတ်ငြင်ငြိ, သံဝေပိုက, ဝါဆိုလပြည့်, ကျားမင်းနေ့ဝယ်, ချမ်းမြေ့ရဂုံ, တောရပ်လုံ့သည်— စုံမြိုင်ပင်ရိပ် ခန်းမှာတို့။



ချမ်းမြေ့ရဂုံ တောရပ်လှုံသည်



ဆံတော်ကို ပေးပို့




တောရပ်မြို့ငွေပေါ် ခြောက်နှစ်ပျော်၍

(၁) တောရပ်မြို့ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တစ်ိ၊
ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ ညောင်
ပရပေ၊ ပလ္လင်ဘွေ့ထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်
ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်သူခပင်း၊
အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါ်က၊
သွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည့်......
သုံးဖော်လူတို့ငြိမ်းဖွယ်ကို။

(၄) ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟာတစ်သောင်း၊ တိုက်အပေါင်း
မှ၊ ခညောင်းကပ်လ ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေ
နေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်
ထွေပြား၊ ဟောဖော်ကြားသည့်၊ တရားနတ်စည်
ရွှန်းတယ်ကို။

(၁) တရားနတ်စည်၊ ဆော်ရှန်းလည်က၊ သုံးမည်ဘုံတိုက်၊
တစ်သောင်းဘိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊
သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့
ပြီးကာ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်
ကြွယ်က၊ ရာလေးဆယ့်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာ
တိုင်း၊ ဝံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်
လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်—
ထွန်းဆူသောင်းလုံး ကျော်တယ်ကို။

(၅) မူလတန်းစာစာရေး



ချမ်းမြေ့နိဗ္ဗူ စံတော်မူသည်

(ဆ) နိဗ္ဗာန်စံပြီ, ရှမအီသား, သိဂီဒ္ဓေလှော်, အလေဝင်းတော်ကို,
ထိုရောက်ကဆုန်, လဆုတ်ကြုံ၍, ဂန္ဓုန်နေ့ဝယ်, ခိုးငွေ့
မနော, ဓာတ်တောဇောလျှင်, ရှင်စောဉာဏ်စက်, မ်ဋ္ဌာန်
ချက်ဖြင့်, လိုတက်ကောင်ရော်, မီးပူဇော်သည့်, မွေတော်
ရှစ်စိတ် ကြွင်းတယ်ကို။

ဝသဏ်ဓောက်ဓာပုံ။ ဗုဒ္ဓဖြတ်စွာ၏ အရိုးတော်များကို ဓာတ်
သဘောများ ဖြစ်သောကြောင့် "ဓာတ်တော်" ဟုလည်းကောင်း,
ဘုရားရှင်က ကိုးကွယ်ဖို့ရာ အမွေပေးခဲ့သောကြောင့် "မွေတော်"
ဟုလည်းကောင်း ခေါ်ကြ၏၊ ထို ဓာတ်တော်များကို ရှင်ဘုရင်
ဘို၏ ဆရာ ဖြစ်ခဲ့ဖူးသော ဒေါဏ ပါမောက္ခကြီးသည် ရှစ်စုခွဲ၍
ခဇာတသတ်မင်းစသော မင်းတို့အား ဝေပေးလေသည်။ [ပုံပြ၍
ပြောပါ။]

ဂဒတ်ဂယ်မှုား ဓာဉ်။ ထိုသို့ ဓာတ်တော်ဝေရာမှ ရရှိသော
ဘတ်တော်များကို ရန်သူတို့ မဖျက်နိုင်အောင် စေတီတည်၍ ထို
စတီအတွင်း၌ ဌာပနာ သွင်းယားရပုံ, ထို ဘုရားရှင်၏ ရုပ်ပုံ
ဘင်ကို ကိုးကွယ်သူ လူအမျိုးမျိုးတို့က ပုံတူပြု၍ ကိုးကွယ်ကြပုံ,
ျးသူ ထုလုပ်သူတို့၏ လက်စွမ်း အားလျော်စွာ သပ္ပါယ်သော
းတော်အမျိုးမျိုး ဖြစ်နေပုံကို ပြောပြ၍ စေတီတော် ရုပ်ပုံတော်
ပူဇော်ရာ၌ သက်တော်ထင်ရှားရှိစဉ်က ဘုရားကို ရည်မှန်း၍
ဇော်ရပုံ, ရေချမ်း ပန်း ဆီမီးတို့ကို သန့်သန့်ရှင်းရှင်း ပူဇော်ကြ
ာ နောက်ဘဝ၌ စိတ်ရော ကိုယ်ပါ သန့်သန့်ရှင်းရှင်း ကျေး
င်ပုံကို ကလေးတို့အား ပြောပြပါ။



ဓမ္မတော်ရှစ်စိတ် ကြွင်းတယ်ကို

## ၂။ ဘုရားဂုဏ်တော်ပါဠိ

ဣတိပိ+သော ဘဂဝါ၊
အရဟံ။ ။သမ္မာသမ္ဗုဒ္ဓေါ။
ဝိဇ္ဇာစရဏ သမ္ပန္နော။
သုဂတော။ ။လောကဝိဒူ။
အနုတ္တရော ပုရိသဒမ္မသာရထိ။
သတ္ထာ ဒေဝမနုဿာနံ။
ဗုဒ္ဓေါ။ ။ဘဂဝါ။

ဤသို့ သူ့နေရာနှင့်သူဖြတ်၍ ဂုဏ်တော်ပါဠိကို ကျကျနန ချပေးပါ။
ဂုဏ်တော် ၉ ပါးကိုလည်း ရေတွက်တတ်ပါစေ။

## ၃။ တရားဂုဏ်တော်ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော။
သန္ဒိဋ္ဌိကော။ ။အကာလိကော။
ဧဟိပဿိကော။ ။ဩပနေယျိကော။
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဤသို့ သူ့နေရာနှင့် သူဖြတ်၍ ဂုဏ်တော်ပါဠိကို ကျကျနန ချပေးပါ။
ဂုဏ်တော် ၆ ပါးကိုလည်း ရေတွက်တတ်ပါစေ။

## ၄၊ သံဃာ့ဂုဏ်တော် ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော။ ။ပါဟုနေယျော၊
ဒက္ခိဏေယျော။ ။အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤသို့ သူ့နေရာနှင့်သူဖြတ်၍ ဂုဏ်တော်ပါဠိကို ချပေးပါ။
ဂုဏ်တော် ၉ ပါးကိုလည်း ရေတွက်တတ်ပါစေ။

## ၅။ မြန်မာလို သရဏဂုံနှင့် ၅ ပါးသီလ

အမှာ။ ။မြန်မာလိုဆိုခြင်းသည် သာ၍နားလည်၏၊ ထို့ကြောင့် သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ပုံကို မြန်မာလို ရှေးဦးစွာ ချပေးပါ၊ တစ်ခါ ဆောက်တည်ထားလျှင် ကိုးကွယ်လိုသောစိတ် မပျက်သမျှ သရဏဂုံမပျက်ပါ၊ သူ့အသက် သတ်မှုစသော တစ်ပါးပါးကို မကျူးလွန်သမျှ သီလမပျက်ပါ၊ တစ်ပါးကျူးလွန်လျှင်လည်း တစ်ပါးသာ ပျက်၏၊ ပျက်သောသီလကို ထပ်၍ဆောက်တည်ရပါသည်။

**သရဏဂုံ၊** ၊ဘုရားရှင်ကို ကိုးကွယ်ပါ၏၊တရားတော်ကို ကိုးကွယ်ပါ၏၊ အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

၂ ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏၊ ၂ ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏၊ ၂ ကြိမ်မြောက်လည်း အရိယာသံဃာတော်ကို ကိုးကွယ်ပါ၏။

၃ ကြိမ်မြောက်လည်း ဘုရားရှင်ကို ကိုးကွယ်ပါ၏၊ ၃ ကြိမ်မြောက်လည်း တရားတော်ကို ကိုးကွယ်ပါ၏၊ ၃ ကြိမ်မြောက်လည်း အရိယာ သံဃာတော်ကို ကိုးကွယ်ပါ၏။

**ငါးပါး သီလ။** ၊(က) သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

(ခ) သူ့ဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏။

(ဂ) မိမိမယား ( မိမိလင် ) မှ တစ်ပါးသူနှင့် ကာမဂုဏ်ကျင့်မှုမှ ရှောင်ကြဉ်ပါ၏။

(ဃ) မုသားပြောခြင်းမှ ရှောင်ကြဉ်ပါ၏။

(င) သေရည် အရက် ဘိန်း ကဇော် လှော်ဝေ တို့ကို သောက်ခြင်း, စားခြင်းမှ ရှောင်ကြဉ်ပါ၏။

## ၆။ ကမ္ဘာ့ဗိဘက်သုတ် သံပေါက်များ

**အမှာ။** ။ကလေးများကို ဝယ်ရှယ်စဉ်ကပင် ကံနှင့် ကံ၏အကျိုးကို အတော်အတန် နားလည်စေသင့်၏၊ ထို့ကြောင့် သံပေါက်များကို ချပေး၍ အဓိပ္ပါယ်ပြောပေးပါ။

### နံပါတ်စဉ်အတိုင်း ဆောင်ပုဒ်များ

၁။ သူများအသက်, သတ်သည့်တွက်, အသက်ကိုယ်မှာတို။
၂။ မသတ်ရှောင်ရှား, ထိုသူ့မှာ, ရှည်လျားအသက်ကို။
၃။ နှိပ်စက်ကလူ, ညှဉ်းဆဲသူ, ပြောထူ ရောဂါဆို။
၄။ သနားစိတ်သွင်, မနှိပ်နင်း, ကင်းရှင်း ရောဂါကို။
၅။ ထင်ပြင်းဒေါသ, ကြီးဘက်က, အလှ ပျက်မည်ဆို။
၆။ ဒေါသကင်းစင်, မေတ္တာယှဉ်, ကြည်လင် လှသကို။
၇။ မနာလိုပြုန်, ဣဿာထန်, ခြံရံ ကင်းမည်ဆို။
၈။ ဣဿာမထား, ဝမ်မြောက်ဌား, ပေါများခြွေရံကို။
၉။ မလှူမဒါန်း, မပေးကမ်း, ခြောက်ခန်း ဥစ္စာဆို။
၁၀။ စွန့်ကြဲလေ့တုံ, ပြုပါကုန်, ကုံလုံ ကြွယ်ဝလို။
၁၁။ မာန်မာနကြွယ်, ထိုသူဝယ်, မျိုးနွယ် ညံ့မည်ဆို။
၁၂။ ထိုက်သူရိုကျိုး, မာန်ကိုချိုး, အမျိုး မြတ်သကို။
၁၃။ သိဖွယ်ဟူသမျှ, မမေးက, ဖျင်း အ-ပညာဆို။
၁၄။ ကြားမြင်များအောင်, မေးလေ့ဆောင်, ခုနောင် တတ်သိလို့။

ညွှန်ကြားချက်။ ။ကလေးများ....သံပေါက်လက်ာများကို ရရုံတွင် မပြီးစေဘဲ, သံပေါက်မှာ ပါသော အကြောင်းအရာကို ရှင်းဆိုဘိုင်း သတိထားကြပါ၊ လူတွေက "အသက်ရှည်ရပါလို၏၊ အနာကင်းရပါလို၏၊ အဆင်းလှရပါလို၏၊ အမျိုးကောင်းရပါလို၏၊ ဥစ္စာပေါရပါလို၏၊ ပညာတတ်ရပါလို၏" ဟု ဆုတောင်းကြတယ်၊ ဒီလို ဆုတောင်းသော်လည်း "သူ့အသက်သတ်, သူ့ကိုညှဉ်းဆဲ, သူ့ဥစ္စာကို မတရားယူ, ဒေါသကြီး, ကိုယ့်ထက်သာလျှင် မနာလိုငြူစူ, မရှိဆင်းရဲသူကို မပေးကမ်း, ကိုယ့်ထက်တတ်သူကို မမေးဘဲ" နေလျှင် အခါတစ်ရာမက, အာပေါက်အောင်ဆုတောင်းပေမယ့် မရနိုင်သူးလို့ မှတ်ထားကြပါ။

သူ့အသက်မသတ်ဘဲ သနား ကြင်နာ မေတ္တာ ကရုဏာ ရှိလျှင်, သူများချမ်းသာတာကို ဝမ်းမြောက်လျှင်, စွန့်ကြဲ ပေးကမ်းလျှင်, ပညာသင်နေလျှင်, ကိုယ့်ထက်တတ်သူကို မေးလျှင် ဆုမတောင်းပေမယ့် သက်ရှည် ဆင်းလှ ချမ်းသာရ၍ ပညာတတ်လူလိမ္မာ ဖြစ်ရမည်မှာ သေချာပါတယ်၊ ဒါ့ကြောင့် ဒီသံပေါက်မှာ ပါတဲ့အတိုင်း ပြုကျင့်ကြပါ။

အမှာ။ ။ဤမျှအထိသင်ပြီးရာနေ့၌ ပထမတန်းဝယ် ပြထားသော အချုပ်ကဗျာကို အသံအနေအထားကောင်းမွန်စွာဖြင့် သံပြိုင်ညီညီ ကလေးများ ရွတ်ဆိုပါစေ။

ပထမတန်းသင်နည်း ညွှန်ပြချက်
ပြီး၏။

## ဒုတိယတန်းသင်နည်း

၁။ **ဘုရားဂုဏ်တော် ၉ ပါး အနက်။** ။ ရှေးဦးစွာ ဂုဏ်တော် ၉ ပါးပါဠိကိုရွတ်စေ၍ တစ်နေ့လျှင် ဂုဏ်တော်တစ်ပါးအတွက် အနက်ကို ဖတ်ပါစေ၊ ဘဂဝါ ဂုဏ်တော်၌ကား အနက်တွေများ၏၊ တစ်နေ့တစ်ပိုဒ်သာ ပြောပေးပါ၊ ဆရာကအဓိပ္ပါယ်ကို အကျဉ်းမျှသာ ပြောပေးပါ၊ အရမကျက်နိုင်လျှင် အရမကျက်ပါစေနှင့်၊ စာအုပ်ကြည့်၍ ဘုရားရှိခိုးနိုင်ကြောင်းကိုပြောပါ။

**(က) ဣတိပိ သော ဘဂဝါ အရဟံ**

သောဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ ကာရဏေန-တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာလေ့ အထုံငွေ့မျှ မငွေ့မရိပ် ဝင်းဝင်းဖိတ်သို့ ဓမ္မစိတ်ပြန့်သင်း လွန်သန့်ရှင်း၍ မင်းမင်းပြည်သူ ကြည်ဖြူကော်ရော် အလှူတော်မှန် အပူဇော်ကို ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊ **အရဟံ-** အရဟံဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် မြဟ္မာဘုံတိုင်အောင် ပြန့်လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည် တကား။

**(ခ ဣတိပိ သော ဘဂဝါ သမ္မာသမ္ဗုဒ္ဓေါ**

သောဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ ကာရဏေန-သဗ္ဗညုဉာဏ်အား စွမ်းပကားဖြင့် များသင်္ခါရ ဝိကာရနှင့် လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု ၅ရပ်သိရန် ဥဉေ ယျမေကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူသော ဤအကြောင်းကြောင့်လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့် အံ့ချီး၍မကုန် မြဟ္မာဘုံ

ဘိုင်အောင်၊ ပြန့်လိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည့် သကား။

### (ဂ) ဣတိပိ သော ဘဂဝါ ဝိဇ္ဇာစရဏသမ္ပန္နော

သော ဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ ၁၈ ကာရဏေန – သုံးပါး ရှစ်ပါး၊ နှစ်မျိုးအား ဖြင့်၊ ဗောဓိသားပညာ၊ ဉာဏ်ဝိဇ္ဇာတည်း၊ နိဗ္ဗာနမော်၊ အမြိုက်ရပ်သို့၊ ဆိုက်ကပ်ရန်ဖြင့်၊ အမှန်သင့်သည့်၊ အကျင့် စရဏ၊ ဆယ့်ငါးဝနှင့်၊ တကွညီသုံ၊ ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော– ဝိဇ္ဇာစရဏ သမ္ပန္နဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာ့ဘုံ တိုင်အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည့် တကား။

### (ဃ) ဣတိပိ သော ဘဂဝါ သုဂတော

သော ဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာ ၁၈ ကာရဏေန – ဒီပင်္ကရာ၊ ထွတ်ချာသနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသိရှိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင် အောင်၊ ဆယ်ခိုင်ပါရမီ၊ စုံဖြည့်ညီလျက်၊ သုံးလီဘဝ၊ များ သတ္တ၏၊ သုံးခစီးပွား၊ ကျင့်သောအားဖြင့်၊ မိုက်မှားအယူ၊ မိစ္ဆာဟူက၊ ဆံမြှုတစ်စိ၊ မကပ်ငြိဘဲ၊ သတိသမ္ပဇဉ်၊ မပြတ် ယှဉ်လျက်၊ သဗ္ဗညုဉာဏ်တော်၊ ရကြောင်းရော်၍၊ ကြွတော် မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂတော – သုဂတ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဗြဟ္မာ့ဘုံတိုင် အောင်၊ ပြန့်လှိုင်ကျော်ကြား၊ ထင်ရှားတော်မူပါပေသည့် တကား။

၄

## (င) ဣတိပိ သောဘဂဝါ လောကဝိဒူ

သောဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - သတ္တလောက, သင်္ခါရ ဟု, လောကသုံးဘုံ, အလုံးစုံကို, အာရုံထင်စွာ, ပိုင်းခြားကာဖြင့်, ကောင်းစွာကုန်စင်, သိမြင်တော်မူသော ဤ အကြောင်း ကြောင့်လည်း၊ လောကဝိဒူ - လောကဝိဒူဟူသော ဂုဏ်တော် ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပြန့်လွှင့်ကျော် ကြား, ထင်ရှားဒတော်မူပါပေသည် တကား။

## (စ) ဣတိပိ သောဘဂဝါ အနုတ္တရော ပုရိသဒမ္မသာရထိ

သောဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန-ဆုံးမသင့်ရန်, သတ္တဝါမှန်သော်, ခြောက်တန်လျှင် ချောက်, မြှောက်တန် မြှောက်၍, အောက်အောက် ထက်ဂုဏ်, ဆင့်ဆင့်စုံဖို့, ဖုံဖုံသင်ပေး, အစဉ်ဖေးလျက်, ယဉ်ကျေးလေအောင်, သွေးဆောင် ဆုံးမ တော် မူတတ်သော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ-အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ဗြဟ္မာ့ဘုံတိုင်အောင်, ပြန့် လွှင့်ကျော်ကြား, ထင်ရှားတော်မူပါပေသည် တကား။

## (ဆ) ဣတိပိ သောဘဂဝါ သတ္ထာ ဒေဝမနုဿာနံ

သောဘဂဝါ-ထိုမြတ်စွာဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန - သတ္တဝါဟော်, ကုန်သည် ကျော်သည့်, ဖော်ဆော်ငယ်သား, နောက်ပါများကို, ရေရှာ

ဘေး၌, ကန္တာရမှ, ခေမမြေငူ, ထုတ်ကယ်ယူသို့, ထို့တူတစ်, ခဲယဉ်းဘိသည့်, ဇာတိဇရာ, မရဏာဟု, ကန္တာရကြမ်း, ခရီးလမ်းသို့, ရှေနှန် မြေငူ, ပြည်နိဗ္ဗူသို့, နတ်လူပြဟ္မာ, သတ္တဝါကို, ကောင်စွာဆောင်ယူ, ကယ်တင်တော်မူဘတ်သော ဤအကြောင်းကြောင့်လည်း၊ သတ္တာ ဒေဝ မနု ဿာနံ — သတ္တာဒေဝမနုဿာနံဟူသော ဂုဏ်တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ပြဟ္မာ့ဘုတိုင်အောင်, ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပေသည် တကား။

## (၈) ဣတိပိ သောဘဂဝါ ဗုဒ္ဓေါ

သောဘဂဝါ-ထို ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန-ဒုက္ခ ဘာမုဒယ, နိရောဓနှင့်, မဂ္ဂမည်သာ, လေးသစ္စာကို, ဦးစွာပိုပိုင်, သိမြင်နိုင်၍, သုံးဆိုင်ဝေနေ, များဗိုလ်ခြေကို, မဒသွာအတူ, ဒေ စေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်, အံချီး၍မကုန်, ပြဟ္မာ တိုင်အောင်, ပျံ့လှိုင်ကျော်ကြား, ထင်ရှားတော်မူပါပေသည် တကား။

## (၉) ဣတိပိ သောဘဂဝါ ဘဂဝါ

သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန အကျုမြူသဖွယ်, ပျောက်ကွယ်သိမ်မွေ့, မမြင်တွေ့အောင်, ရုပ်ဆောင်ဖန်ဆင်းနိုင်သော "အဏိမာ" ဘုန်းတော်—,

စိတ်၌အလား, ကောင်းကင်ဖျား၌, ပေါ့ပါးလျင်မြန်, ဈာန်နှံ့ကြွ
ကြွသွားနိုင်သော "လဃိမာ"ဘုန်းတော် ,

ကိုယ်တော်သဏ္ဌာန်, ပံဟန်တိုင်းငြား, မနှိုင်းအားဖို့, ကြီးမား
မလအောင်, ရုပ်ဆောင် ဖန်ဆင်းနိုင်သော "မဟိမာ"
ဘုန်းတော်....,

ဆိုးဘားကြွ ေက ၊, မ ူပါဘဲ, လိုရာတိုင် ပေါက်,တစ်ခဏလောက်
ဖြင့်, ကြွရောက်နိုင်သော "ပတ္တိ"ဘုန်းတော် ,

အဆင်းအဘန်တန်, ပုံသဏ္ဌာန်ကို, စိမ်ဖန်တီး,တစ်ခဏတည်းဖြင့်,
ပြီးစီးနိုင်သော "ပါကမ္မ"ဘုန်းတော်..,

ကိုယ်တော်မြတ်၏, စိတ်ဓာတ်တော်မှ, စ၍မကြွင်း, လူနတ်မင်းကို,
ပိုင်နှင်းအုပ်စိုး, လွှမ်းမိုး နိုင်သော "ဤသိတာ"ဘုန်းတော် ,

သမာပတ်ဈာန်, အဘိညာဏ်ကို, ဝင်စံလိုက, တစ်ခဏချင်းပိုင်,
ဝင်စားနိုင်သော "ဝသိတာ"ဘုန်းတော်—,

ကိစ္စတစ်ခု, ပြုစုဘုန်းပင်, ပြီးဆုံးချင်သော်, ဆေ... ...သွ,
ပြီးဆုံးစေနိုင်သော "ယတ္ထကာမာဝသာယိတာ"ဘုန်းတော်....

ရှစ်ဖော်အပြား, ဤသို့အားဖြင့်, ထင်ရှားလေဘိ, "ဣဿရိယ"
ဘုန်းတော်....,

ကိလေသာရန်, ပယ်ဖျက်လှ ၁, နိဗ္ဗာန်ဖို ဉ်မင်, ကိုးချက် အပြား,
လောကုတ္တရာတရားဟူသော "ဓမ္မ"ဘုန်းတော်—,

ဟုတ်တိုင်းမှန်စွာ, ဖြစ်ပေါ်လာ၍, ကမ္ဘာတိုက်ပေါင်း, သောင်း
လောကဓာတ်, ပဲ့တင်ထပ်မျှ, နှံ့စပ်သတင်း, ကျော်စောခြင်း
ဟူသော "ယသ"ဘုန်းတော်...

ရွှေမျက်နှာတော်, လက် ခြေတော်မှ, စ၍မကြွင်း, ပင်လုံ ဝင်းသည့်, ပန်းမင်းအနေ, ကြက်သရေမင်္ဂလာ, စဝေးကာဖြင်, လွန်စွာ တင့်တယ်, သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော် ,

အလိုတော်အဲဘိုင်း, တောင့်တတိုင်းပင်, မဆိုင်းမဘူ, ပြီးစီးရသည့် "ကာမ" ဘုန်းတော် ...,

တစ်လောကလုံး , ညွတ်ရှိုး ကိုးစား, အားထားဖွိရာ, လွန်စွာ ကြိုးကုတ်, အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော် –,

ဤ ခြောက်ဖော်ဂုဏ်, ဘုန်းတော်ဟုန်နှင့်, ပြည့်စုံတော်မူသော ဤ အကြောင်းကြောင့်လည်း၊ ဘဂဂဝ ၊ – ဘဂဂဝ ၊ ဟူသော ဂုဏ် တော်ကြီးဖြင့်, အံ့ချီး၍မကုန်, ပြဟ္မာ့ဘုံ တိုင်အောင်, ပျံ့လွှင့် ကျော်ကြား, ထင်ရှားတော်မူပါပေသည် တကား။

## ၁။ ဘုရားရှိခိုးဂါထာ

ဧဝံ နဝဟိ ဂုဏေဟိ, လောကမှိ ကိတ္တိဗျာပိတံ၊
အတုလံ ဓမ္မရာဇာနံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဧဝံ နဝဟိ ဂုဏေဟိ ဤ အရဟံတာ, အစလာသည့်, ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်၊ လောကမှိ - ဘဝဂ် ဆုံးအောင်, ဘုံသုံးဆောင်၌၊ ကိတ္တိဗျာပိတံ သိမ့်သိမ့်တုန်ခပ်, ပဲ့တင်ထပ်မျှ, နှံ့စပ်ကျော်စောတော်မူသော၊ အတုလံ-သီလခေါင်ထိ, သမာဓိနှင့်, ကြီးဘိပညာ, လွန်ကဲသာ၍, ပြိုင်လာနိုင်းသူ, အတူလည်း ရှိတော်မမူထသော၊ ဓမ္မရာဇာနံ - သုံးဘုံမကိုင်, သုံးတိုက်သရဖု, သုံးလူသင်ကျစ်, ဓမ္မရာဇ် ထွတ်ထား, ရှင်တော်မြတ်ဘုရားကို၊ တီဟိ-လက်အုပ်အဥ္ဇလီ, နှုတ်သံချီယျက်, ရှင်ကြည်မနော, သုံးပါးသောဒွါရတို့ဖြင့်၊ သာဒရံ-လေးမြတ်ကြည်ညို,ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ-ဂုဏ်တော်ဆုံမွမ်း, ပုံတော်မှန်းလျက်, ချီးမွမ်းထောမနာ, ပဏာညွတ်ကျိုး, လက်စုံမိုး၍, ငှုံ့ခိုးကန်တော့ပါ၏ ဘုရား....။

### ၂။ အယုံ ဘဇန္တု စသော သရဏဂုံ သီလတောင်း

သရဏဂုံနှင့် ငါးပါးသီလတောင်းကို မြန်မာလို ဆိုပါစေ၊
"နမော တဿ" အတွက်ကား ပါဠိမြန်မာ ၂ မျိုးလုံးကို ဆိုပါစေ။

(က) အရှင်ဘုရား.... တပည့်တော်သည် (တပည့်တော်မ)သည် သရဏဂုံ ၃ ပါးနှင့်တကွ ငါးပါးသီလ သိက္ခာပုဒ်ကို တောင်းပါ၏၊ ချီးမြှောက်သောအားဖြင့် တပည့်တော်အား (တပည့်တော်မအား)သီလပေးတော်မူပါဘုရား။

(ခ) အရှင်ဘုရား... တပည့်တော်သည် ( တပည့်တော်မသည် ) သရဏဂုံ ၃ ပါးနှင့် တကွ ငါးပါးသီလသိက္ခာပုဒ်ကို ၂ ကြိမ်မြောက် တောင်းပါ၏၊ချီးမြှောက်သောအားဖြင့်တပည့်တော်အား(တပည့်တော်မအား)သီလပေးသနားတော်မူပါဘုရား။

(ဂ) အရှင်ဘုရား... တပည့်တော်သည် (တပည့်တော်မသည်) သရဏဂုံ ၃ ပါးနှင့်တကွ ငါးပါးသီလသိက္ခာပုဒ်ကို ၃ ကြိမ်မြောက် တောင်းပါ၏၊ချီးမြှောက်သောအားဖြင့်တပည့်တော်အား(တပည့်တော်မအား)သီလ ပေးတော်မူပါဘုရား။

[ထိုအခါ သီလပေးပုဂ္ဂိုလ်က "ယမဟံ ဝဒါမိ တံ ဝဒေဟိ – ငါဆိုတာကို လိုက်ဆို"ဟု ပြောလိမ့်မည်၊ "အာမ ဘန္တေ–မှန်ပါဘုရား"ဟု လိုက်ဆိုရသည်၊ ဤသို့ ပြောပေးပါ။]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊(ပါဠိ) အရဟံဂုဏ်ဘော် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏၊(မြန်မာလို)၃ခေါက်ဆိုပါစေ။

အမှာ။ ။ထို့နောက် ပထမတန်း၌ ပြခဲ့သော သရဏဂုံ ငါးပါးသီလကို ဆက်၍ ဆိုရသည်၊ ဆရာက ဆိုနည်းကို သင်ပေးပါ၊ ဘုရားရှေ့တော်စသည်၌ မိမိဘာသာ သရဏဂုံသီလ ဆောက်တည်လျှင် အထက်၌ပြခဲ့သော သရဏဂုံသီလတောင်း နမောတဿတို့ကို ဆိုဖွယ် မလိုကြောင်းကိုလည်း ပြောပေးပါ၊ သို့သော် ဆိုသည့်အတွက် အပြစ်မရှိပါ။

## ၃။ ဒုစရိုက် ၁၀ ပါး

[ဒု=မကောင်းသော + စရိတ=စရိုက်(အကျင့်)]၊ မကောင်းသောအကျင့်(မကောင်းသော ကိုယ်မှု နှုတ်မှုစိတ်မှုကို) "ဒုစရိုက်" ဟု ခေါ်၏၊ ထို ဒုစရိုက်သည် ၁၀ ပါးရှိ၏။

### ဒုစရိုက် ကာယကံ ၃ ပါး

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု။
၂။ အဒိန္နာဒါန = သူ့ဥစ္စာခိုးမှု။
၃။ ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်ယုတ်မာမာ ကျင့်မှု။

### ဒုစရိုက် ဝစီကံ ၄ ပါး

၄။ မုသာဝါဒ =မုသားပြောမှု။
၅။ ပိသုဏာဝါစာ =ချောပစ် ကုန်းတိုက်မှု။ [ချစ်သူ ၂ ဦး ကွဲသွားအောင်, သို့မဟုတ် မိမိအား ချစ်လာအောင် ချစ်သူ ၂ ဦး ရန်တိုက်ပေးမှု။]
၆။ ဖရုသဝါစာ =အယုတ်တမာ ဆဲဆိုမှု။
၇။ သမ္ဖပ္ပလာပ =ပိန်ဖျင်းသော စကားကို ပြောဆိုမှု

[ဝပါးပိန်စားပါးဖျင်းအတွင်း၌ အနှစ်အဆံ မရှိသကဲ့သို့ အနှစ်လည်းမဖက်, အကျိုးအမြတ်ပွါးလည်း မဟုတ် မမှန်, ဒဏ္ဍာရီဝတ္ထုသွား "ယုန်နှင့် ရှေ့ကျွားတို့ သက်ကယ်ရိတ် သွားရောတဲ့" စသော စကားမျိုးတည်း၊ မဟုတ်သော်လည်း ဥပမာ သဘောမျိုးဖြင့် အကျိုးရှိအောင် ပြောသော ရေးသားမှုမျိုးမှာ "သမ္ဖပ္ပလာပ" မဟုတ်ပါ။]

ဒုစရိုက် မနောကံ ၃ ပါး

၈။ အဘိဇ္ဈာ=သူတစ်ပါး စည်းစိမ်ကို " ငါ့ဟာ ဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်မှု၊ [တောင်း၍ ငှား၍ ဝယ်၍ယူမည်ဟု ကြံစည်မှုမှာ အဘိဇ္ဈာအဖြစ်မရှိ။]

၉။ ဗျာပါဒ=သေကြေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတစ်ပါးကို ပြစ်မှားမှု။

၁၀။ မိစ္ဆာဒိဋ္ဌိ=အယူမှားမှု၊ [ကံ ကံ၏အကျိုး မယုံမှု။]

ဤ ဒုစရိုက် ၁၀ ပါးကို "အကုသလကမ္မပထ" ၁၀ ပါး ဟုလည်း ခေါ်သည်၊ "အပါယ်ရောက်ကြောင်း မကောင်းသော လမ်းခရီးဖြစ်သော အကုသိုလ်ကံများ" ဟူလို၊ ထိုဆယ်ပါးကို — (၁)ကိုယ်တိုင်ပြုလုပ်ခြင်းဟူသော "သာဟတ္တိက"၊ (၂)သူတစ်ပါးကို အပြုခိုင်းခြင်းဟူသော "အာဏတ္တိက"၊ (၃) ဒုစရိုက်ပြုလျှင် ရနိုင်မည့် လောကီအကျိုးကို ပြောပြခြင်းဟူသော "ဝဏ္ဏဘာသန"၊ (၄) သူတစ်ပါးတို့ အလိုအလျောက် ပြုနေသည်ကို ဝမ်းမြောက်သဘောတူခြင်း ဟူသော "သမနုည" ဤ ၄ မျိုးဖြင့် မြှောက်သွားလျှင် ၄၀ ဖြစ်၏။

[ဆောင်] ၁။ သက်သတ် ခိုးမှု, ကာမေသု, သုံးခု ကာယကံ။

၂။ လှည့်စားရန်တိုက်, မိုက်မိုက် ကန်းကန်း, နှုတ်ကြမ်း လေခြင်း, ပိန်ဖျင်းစကား, ပြောဆိုငြား, လေးပါးဝစီကံ။

၃။ သူ့ဥစ္စာမှန်, မတရားကြံ၍, ဖောက်ပြန်သေကြေ ပျက်စေလိုငြား, အယူမှား, သုံးပါးမနောကံ။

## ၄။ သုစရိုက် ၁၀ ပါး

သု=ကောင်းသော+စရိတ=စရိုက်(အကျင့်)] ကောင်းသော အကျင့်ကို "သုစရိုက်" ဟုခေါ်၏၊ ဤသုစရိုက်လည်း ၁၀ ပါးရှိ၏။

### သုစရိုက် ကာယကံ ၃ ပါး

၁။ ပါဏာတိပါတ ဝိရတိ =ပါဏာတိပါတမှ ရှောင်မှု။
၂။ အဒိန္နာဒါန ဝိရတိ =အဒိန္နာဒါနမှ ရှောင်မှု။
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ=ကာမေသုမှ ရှောင်မှု။

### သုစရိုက် ဝစီကံ ၄ ပါး

၄။ မုသာဝါဒ ဝိရတိ = မုသာဝါဒမှ ရှောင်မှု။
၅။ ပိသုဏာဝါစာဝိရတိ = ပိသုဏာဝါစာမှ ရှောင်မှု။
၆။ ဖရုသဝါစာ ဝိရတိ = ဖရုသဝါစာမှ ရှောင်မှု။
၇။ သမ္ဖပ္ပလာပ ဝိရတိ = သမ္ဖပ္ပလာပမှ ရှောင်မှု။

### သုစရိုက် မနောကံ ၃ ပါး

၈။ အနဘိဇ္ဈာ = အဘိဇ္ဈာကို မပြုခြင်း။
၉။ အဗျာပါဒ = ဗျာပါဒကို မပြုခြင်း။
၁၀။ သမ္မာဒိဋ္ဌိ = ကောင်းသောအယူကို ယူခြင်း။

ဤသုစရိုက် ၁၀ ပါးကို "ကုသလကမ္မပထ" ၁၀ ပါးဟုလည်း ခေါ်၏၊ [ကုသလ=ကုသိုလ်+ကမ္မ=ကံ+ပထ=လူ့ပြည်နတ်ပြည်သို့ ရောက်ကြောင်း။] (၁)ကိုယ်တိုင်ပြုခြင်း, (၂)သူများကို ပြုဖို့ရန် စေခိုင်းခြင်း, (၃) သုစရိုက်၏ အကျိုးကျေးဇူးကို ပြောပြခြင်း, (၄)သူတစ်ပါးတို့အလိုအလျောက်ပြုနေသည်ကိုသဘောကျခြင်း, ဤ ၄ မျိုးဖြင့် မြှောက်လျှင် သုစရိုက် ၄၀ ဖြစ်၏။

## ၅။ ဆွမ်းတော်ကပ်ရှုပုံ

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤမွန်မြတ်သော ဆွမ်းတော်ကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား၊ ဤဆွမ်းလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများ ဆုတောင်း။** ။ ရသာမွှေးကြူ, ဆွမ်းဖွေးဖြူကို, ပေးလှူပါရ, ဤပုညကြောင့်, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, မြန်နှယ်ရွှေနှင့်, အနေတင့်, ဆင့်ဆင့် မြင့်ရလို။

**ဆွမ်းတော်လှူရကျိုး။** ။ ဤကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ၉၄ ကမ္ဘာထက်၌ "သိဒ္ဓတ္ထ" ဘုရားရှင် ပွင့်တော်မူခဲ့လေသည်၊ အခါတစ်ပါး၌ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ဖြင့် တင့်တယ်စွာဆွမ်းခံကြွတော်မူလာသော ဘုရားရှင်ကို အမျိုးသားတစ်ယောက်သည် အလွန်ကြည်ညိုသည်ဖြစ်၍ အိမ်သို့ပင့်ပြီးလျှင် ဆွမ်းတော်ကပ်လှူလေ၏။

ထိုအမျိုးသားသည် ထိုဘဝမှ စုတေလတ်သော် ထိုဆွမ်းလှူရသော ကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်ရလေသည်၊ ထိုကဲ့သို့ နတ်စည်းစိမ်, လူ့စည်းစိမ်ကို အကြိမ်ကြိမ် ခံစား၍ အပါယ် ၄ ပါး၌ မဖြစ်ခဲ့ရဘဲ ငါတို့ ဘုရားရှင် လက်ထက်တော်ဝယ် အမျိုးကောင်းသားဖြစ်ပြီးလျှင် အရွယ်ရောက်လတ်သော် ရဟန်းပြု၍ ရဟန္တာဖြစ်လေသည်။

[သုတ္တန်ပိဋက, အပဒါန်ပါဠိတော်။]

**ဆွမ်းအကျိုး ရရှိ။** ။ထမင်း မစားရလျှင် အသက်မရှည်၊ ခန္ဓာကိုယ်ညှိုး၍ အဆင်းမလှ၊ ကိုယ် စိတ် မချမ်းသာ၊ ခွန်အားလည်း မရှိ၊ ဉာဏ်လည်း မထွက်၊ ထမင်းစားရမှ သက်ရှည် ဆင်းလှ ချမ်းသာရ၍ ခွန်အားဗလ တိုးလျက် ဉာဏ်လည်း ထွက်၏၊ ထို့ကြောင့် ဆွမ်းလှူသူ ထမင်းပေးသူဘိုင်းမှာ တူသောအကျိုးကို ရမြဲဖြစ်သည်။

[**ဆောင်**] သက်ရှည်—ဆင်းလှ, ချမ်းသာရ, ဗလ-ဉာဏ်ပညာ။
ဆွမ်းလှူအကျိုး, ငါးမျိုး, တန်ခိုးကြီးလှစွာ။

**အနှာ** ။ ။စေတီတော် ရုပ်ပွားတော်အား ဆွမ်းတော် ကပ် လှူသောအခါ နေ့စဉ် မတတ်နိုင်လျှင် ဥပုသ်နေ့ စသည်၌သာ ကပ်လှူပါ၊ ဘုန်းကြီးဘစ်ပါးအား ဆွမ်းကပ်သကဲ့သို့ တော်တော် များများပြင်၍ သက်တော်ထင်ရှား ဘုရားရှင်ကို စိတ် ဖြင့် မှန်း၍ ကပ်လှူသင့်ပါသည်၊ ထိုဆွမ်းကိုလည်း မစွန့်ပိုက် မပစ်လိုက်ဘဲ ရုပ်ပွားတော် စေတီတော်ကို တံမြက်လှည်းမှု စသည် ပြုနေသောသူအား ပေးသင့်ပါသည်၊ ထိုသူမျိုး မရှိလျှင် တစ်ယောက်ယောက်ကို ဝတ်ပြုခိုင်း၍ ထိုသူအား ပေးသင့်ပါသည်၊ မိမိကိုယ်တိုင်လည်း ဘုရားနေရာတော်ကို ရှင်းလင်း ပြင်ဆင်၍ ဘုရား၏ ဝေယျာဝစ္စပြုသူ ဖြစ်စေပြီးလျှင် စားနိုင်, ကလေးတို့အားလည်း ပေးနိုင်ပါသည်၊ ဤအတိုင်း ကျမ်းစာတို့၌ ဆိုထား၏၊ ထို့ကြောင့် ဤအတိုင်း ဝတ်ပြု၍ စားကြပါ၊ "ဆွမ်းတော်ကပ်ပြီးကို စားလျှင် ဘုန်းနိမ့်သည်" ဟူသော အယူကို မမှတ်သင့်ပါ။

## ၆။ ပန်းတော်ကပ်ရှုဝုံ

ဘုန်းတော်အနန္တ, ဂုဏ်တော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ် ဘုရားအား ဤ တင့်တယ်လှသော ပန်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား၊ ဤပန်းလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများ ဆုတောင်း။** ။အနံ့လည်းသင်း, အဆင်းလည်းလှ, ပန်းလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, သွယ်သွယ်ဂုဏ်နှင့်, အစုံတင့်, ထုံသင့်ကြိုင်ရလို။

**ပန်းလှူရသော အကျိုး။** ။ငါတို့ ဘုရားလက်ထက်၌ တန်ခိုးကြီးအရာဝယ် အသာဆုံးဖြစ်တော်မူသော အရှင် မောဂ္ဂလ္လာန်မထေရ်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်တော်မူရာ ရေ၌ပွင့်သော ကြာပန်းအမျိုးမျိုးနှင့် ကုန်း၌ပွင့်သော ပန်းမျိုးစုံတို့အလယ်၌ ကြီးကျယ်သော ခမ်းနားသော ဗိမာန်ကို မြင်တော်မူရလေသည်၊ ထိုဗိမာန်အတွင်းဝယ် နတ်သမီးများစွာ ခြံရံလျက် ပျော်စံနေသော နတ်သမီးကို မြင်ရပြန်လျှင် ရှေးဘဝက ကုသိုလ်ကံကို မေးမြန်းတော်မူလေသည်။

ထိုအခါ နတ်သမီးက သူ၏ ရှေးဖြစ်ဟောင်းကို လျှောက်သည်မှာ–တပည့်တော်မသည် ရာဇဂြိုဟ်မြို့တော်၏ အရှေ့ နာဠကရွာ၌ နေသော "ပေသဝတီ" နာမည်ရှိသော အမျိုးသမီး ဖြစ်ခဲ့ပါသည်၊ တစ်နေ့သ၌ ဥပတိဿ(အရှင် သာရိပုတ္တရာ) အမည်ရသော ရဟန္တာအရှင်မြတ်ကို မြင်၍ ကြည်လင် နှစ်လန်းသော

စိတ်ဖြင့် ပန်းများစွာကို လှူဒါန်း ပူဇော်ခဲ့ပါသည်၊ ထို ကောင်းမှုကြောင့် ဤဗိမာန်ကို ရ၍ ချမ်းသာ အေးမြစွာ ခံစားနေရပါသည်ဟု လျှောက်လေသည်။

[ပါရိဆတ္တက, တတိယဝဂ္ဂ, ပေသဝတီ ဝိမာနဝတ္ထုပါဠိတော်။]

**ပန်းလှူသော အမျိုးသား။** ။အမျိုးသားတစ်ယောက်သည် ပရိနိဗ္ဗာန် စံတော်မူပြီးသော ဝိပဿီမြတ်စွာဘုရား၏ အလောင်းတော်ကို မီးသဂြိုဟ်ရာ နံ့သာထင်းပုံပေါ်မှာ ပဒုမ္မာကြာပန်းကို တင်လှူမ်း ပူဇော်လေသည်၊ ထိုအမျိုးသားသည် ထိုကောင်းမှုကြောင့် လူ နတ် စည်းစိမ်ကို အကြိမ်ကြိမ် ခံစား၍ ငါတို့ဘုရားလက်ထက်တော်ဝယ် ''ပဒုမစ္ဆာဒနိယ'' မည်သော ရဟန္တာမထေရ် ဖြစ်လာလေသည်။

## ၇။ ရေတော် ကပ်လှူ၊

ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ် ဘုရားအား ဤ ကြည်လင်သန့်ရှင်းသော ရေချမ်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်မြတ်ဘုရား၊ ဤ ရေလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**ကလေးများ ဆုတောင်း။** ။ကြည်လင် အေးမြ, ရေလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, ကိုယ်ဝယ်တွင်းပြင်, ညစ်ကြေးစင်, ကြည်လင် အေးမြလို။ [ကိလေသာကို ''အတွင်း အညစ်အကြေး'' ဟု ဆိုသည်။]

**ဘွဲ့လွှဲရသောအကျိုး။ ။** ပဒုမုတ္တိုရ်မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ဗုဒ္ဓဘာသာဝင် လူအပေါင်းတို့သည် စေတီပင်ကို ရေစင်ရေကောင်းတို့ဖြင့် သွန်းလောင်းပူဇော်ကြလေသည်၊ ထိုအခါ အမျိုးသားတစ်ယောက်သည် လှပသော ရေအိုး၌ နံ့သာ ထုံထားသော ရေတို့ကိုထည့်၍ ဗောဓိပင်ကို သွန်းလောင်း ပူဇော်လေသည်၊ ထိုအမျိုးသားသည် ထိုဘဝမှစုတေသော် တုသိတာ နတ်ပြည်၌ဖြစ်၍ ထိုဘဝမှနောက်၌ လူ ခင်းစည်းစိမ် နတ်မင်းစည်းစိမ်ကို အကြိမ်ကြိမ်ခံစားကာ ငါတို့ ဘုရား လက်ထက်တော် အခါဝယ် "ဂန္ဓောဒကိယမထေရ်" မည်သော ရဟန္တာ ဖြစ်လာလေသည်။

[ဇိဇနိဝဌ်, ဂန္ဓောဒကိယတ္ထေရ အပဒါန်ပါဠိတော်။]

**ရေအကျိုးရရိုး။ ။** ရေမသောက်ရလျှင် အသက်မရှည်, အဆင်းမလှ, ချမ်းသာမရ, ခွန်အားဗလ မရှိ, ဉာဏ်လည်းမရှိ, ရေမချိုးရလျှင် မစင်ကြယ် မသန့်ရှင်း၊ ထို့ကြောင့် ရေလှူသူ ရေပေးသူတို့၌ အသက်ရှည်ခြင်း စသော အကျိုးများ ရနိုင်သည်။

ဆောင်] သက်ရှည်—ဆင်းလှ, ချမ်းသာရ, ဗလ—ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း, ကျော်စောခြင်း, ခပင်းခြေရံကာ။
ရေမငတ်ငြား, လျင်မြန်သွား, ဆယ်ပါးရေကျိုးလာ။

## ၈။ မီးတောက်ဆာပ်ရှုမှုံ

ဘုန်းတော် အနန္တ, ကံတော် အနန္တ, ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား အမိုက်မှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဆီမီးကို(ဆီခွက်မီးကို)လှူဒါန်း ပူဇော်ပါ၏၊ အရှင်မြတ်ဘုရား၊ ဆီမီးလှူရသော ကောင်းမှုကြောင့် နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏ အရှင်မြတ်ဘုရား။

**အာဓလေးမျှားဆုတောင်း။** ။ထွန်းလင်း တောက်ပ, မီးလှူရ၍, ဘဝတိုင်းဝယ်, ပညာကြွယ်လျက်, လနှယ်နေနှင့်, အသရေတင့်ဆင့်ဆင့် ထွန်းတောက်လို။

**မီးလှူရသောအကျိုး။** ။ပဒုမုတ္တိုရ် မြတ်စွာဘုရား လက်ထက်တော်၌ အမျိုးသားတစ်ယောက်သည် ဗောဓိပင်ကိုစိုင်း၍ဆီမီး(၅ ပွင့်)ဖြင့် ပူဇော်ခဲ့လေသည်၊ ထိုအမျိုးသားသည် ထိုဘဝမှ စုတေသော် ထို ဆီမီးလှူရသော ကောင်းမှုကြောင့် လူ့ပြည်နတ်ပြည်၌ အဆက်ဆက်ဖြစ်ရ၍ ဖြစ်လေရာဘဝဝယ် အကာအကွယ်ရှိသောနေရာတို့ကို ထွင်းဖောက်လျက် ယူဇနာတစ်ရာလောက်ကို မြင်နိုင်သော မျက်စိကို ရရှိလေသည်၊ ငါတို့ဘုရား လက်ထက်တော်၌ကား ''ပဉ္စဒီပကမထေရ်'' ဟူသော အမည်အားဖြင့် ထင်ရှားသော ရဟန္တာတစ်ပါးဖြစ်လေသည်။

[ဗိဇနိဝဂ်, ပဉ္စဒီပက ထေရအပဒါန်ပါဠိတော်။]

**ဆုတောင်း။** ။စေတီတော် ရုပ်ပွားတော်ရှေ့ဝယ် ရေစသည်ကပ်လှူရာ၌ ရှေ့တော်မှာ ရေတွေစိုမနေအောင်, ပန်းမှိုက်တွေရှုပ်မနေ

အောင်, ဖရောင်းစက်တွေ ကျမနေအောင်, သန့်သန့်ရှင်းရှင်း ကပ်လျှပ်ပူဇော်ပါ၊ အိမ်မှာလည်းသန့်ရှင်းပါစေ၊ အိမ်၌မီးပူဇော်သောအခါ ဖရောင်းတိုင်ဖြစ်လျှင် ဘုရားရှိခိုးတုန်းသာ ညှိထွန်းပါ၊ မိမိက တခြားနေရာသွားလိုလျှင် မီးကိုငြိမ်းခဲ့ပါ၊ ထိုသို့မငြိမ်းဘဲသွား၊းလျှင် ဖရောင်းတိုင် လဲ၍ဖြစ်စေ, လေတိုက်သောကြောင့် ဖြစ်စေ, အိမ်ကို မီးလောင်တတ်ပါသည်။

**ခါးဝတ်မမော၊** ။သရဏဂုံ ၃ ပါးတည်သူကို "ဥပါသကာ ဥပါသိကာမ" ဟု ခေါ်၏၊ ထို ဥပါသကာ ဥပါသိကာမသည် ငါးပါးသီလကို ခါး၌ဝတ်ထားအပ်သော အဝတ်ကဲ့သို့ လုံလုံခြုံခြုံရှိအောင် ထိန်း၍, ဒုစရိုက် ၁၀ ပါးကို ရှောင်ပြီးလျှင် သုစရိုက် ၁၀ ပါးကိုဆောင်ရသည်၊ ထို့ကြောင့် ဥပါသကာ၏ ကိုယ်ကျင့်များ ပြည့်စုံအောင် ဤအတန်း၌ ဒုစရိုက် သုစရိုက်များကို လည်းကောင်း, ကလေးများ (အထူးအားဖြင့် မိန်းကလေးများ)ဝါသနာပါအောင် ဆွမ်းတော်ကပ် စသည်များကိုလည်းကောင်း ပြထားပါသည်။

**အမှာ။** ။ဤမျှအထိ သင်ပြီးရာနေ့၌ ဒုတိယတန်း အချုပ်ကဗျာကို အသံအနေအထား ကောင်းမွန်စွာနှင့် သံပြိုင်ညီညီ ကလေးများကို ရွတ်ဆိုပါစေ။

**ဒုတိယတန်းသင်နည်း ဆွန်ပြချက်**

**ပြီး၏။**

## တင်္ကိယတာန်းဆင်နည်း

၁။ **ဘုရားဂုဏ်တော် ၆ ပါး အနုက်။** ။ရှေးဦးစွာ ဂုဏ်တော် ၆ပါးပါဠိကို ရွတ်စေ၍ တစ်နေ့လျှင်ဂုဏ်တော်တစ်ပါးအတွက် အနက်ကို ဖတ်ပါစေ၊ ဆရာက ရတနာ့ဂုဏ်ရည်၌ ပါသော အဓိပ္ပါယ်ကို အကျဉ်းမျှသာ ပြောပေးပါ၊ အရမကျက်ပါစေ နှင့်၊ ဘုရားရှေ့တော်မှာ စာအုပ်ကြည့်၍ ဂုဏ်တော်အနက်ကို ဖတ်ပြီး ရှိခိုးပါစေ။

(က) **သွာက္ခာတော ဘဂဝတာ ဓမ္မော။** ။ဘဂဝတာ – ရှေ့ ဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရားသည်၊ ဓမ္မော–မဂ်ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ သွာက္ခာတော–ကြားနာရုံပင်, အပူငြိမ်း၍, ကျင့်လျှင်ချမ်းသာ, ကျင့်ပြီးခါလည်း, လွန်စွာငြိမ်းချမ်း, နိဗ္ဗာန်နန်းနှင့်, စခန်းသင့် အောင်, မှန်းလင့်ရည်ရော်, ကောင်းစွာ ဟောတော်မူအပ်ပါ ပေ၏။

(ခ) **သန္ဒိဋ္ဌိကော။** ။ဓမ္မော – မဂ် ဖိုလ်နိ ဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ သန္ဒိဋ္ဌိကော – ဟောပြုသလောက်, ကျင့်တိုင်းပေါက်၍, မဂ်ရောက်ဖိုလ်ထိ, ပညာရှိသည့်, များ အရိယာ, သူတော်စွာတို့, သူတကာပြော, ယုံကြည်သော ကြောင့်, သဘောချင်းထပ်, မဆည်းကပ်ဘဲ, တတ်အပ် ထင် ထင်, ကိုယ်ဘိုင်လည်း သိမြင်ထိုက်ပါပေ၏။

(ဂ) **အကာလိကော။** ။ဓမ္မော–သောတာပတ္တိ, စရှိဆင့်တက်, လေးချက်အပြား, မဂ်တရားသည်၊ အကာလိကော–ငါးရက်

ခုနစ်ရက်, စသည်ဘက်၍, ငွေလျက်ရှည်ဝေး, အကျိုးပေးရာ, အခါမင့်, အခြားမဲ့ဖိုလ်, အကျိုးကိုလည်း, ပေးတော်မူတတ်ပါပေ၏။

(ဃ) **ဧဟိပဿိကော**။ ။မဂ္ဂ-မဂ်ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဧဟိပဿိကော – ဝေဟာတက်ထွန်း, ယုဂန်စွန်း၌, လဝန်းအလား, ပတ္တမြားသဖွယ်, စင်ကြယ်ထင်ရှား, ရှိသည်များကြောင့်, အားရရွှင်လန်း, လိုက်ခဲ့စမ်းပါ, ရှုစမ်းပါဟု, သံသာချီမြွ, ဖိတ်ခေါ်ပြင်း, မုချဧကန်, အမှန်သင့်လျော်, ထိုက်ဘန်တော်မူပါပေ၏။

(င) **ဩပနေယျိကော**။ ။မဂ္ဂ-မဂ်ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်သည်၊ ဩပနေယျိကော – မိမိစိတ်တွင်, တစ်ကြိမ်ထင်က, လေးခွင် အပါယ်, ဝဋ်မီးကွယ်သဖြင့်, ကိုယ်ဝယ် ထုံးနှောင်, ဆံဦးသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, တရားမျက်ရှင်, စိတ်စွဲထင်အောင်, ကျင့်ဆောင်ခြင်းငှါ, ထိုက်တန်တော်မူပါပေ၏။

(စ) **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**။ ။မဂ္ဂ-မဂ်ဖိုလ် နိဗ္ဗာန်, ကိုးတန်သော တရားတော်မြတ်ကို၊ ဝိညူဟိ-ပုဂ္ဂိုလ်ဇာနိနှင့်, မတန်သင့်စွာ, လေးသစ္စာကို, ကောင်းစွာမြင်သိ, ပညာရှိအပေါင်း, အရိယာသူတော်ကောင်းတို့သည်၊ ပစ္စတ္တံ ဝေဒိတဗ္ဗော-ကိုယ်စီကိုယ်င, လိုတိုင်းရ၍, နိဗ္ဗာနမာတ်, သမာပတ်ဖြင့်, မပြတ်သိပိုင်, ခံစားနိုင်ပါပေ၏။ ... [အရိယာဖြစ်ပြီးသော ပုဂ္ဂိုလ်**သည်သာ နိဗ္ဗာန်ကို အာရုံပြု၍ တရားအရသာကို ခံစားနိုင်၏။**]

**တရားရှိခိုး ဂါထာ**

ဣစ္ဆေဝံ ဆဟိ ဂုဏေဟိ, ပါကဋ္ဌံ ဇိနပုဗ္ဗိတံ၊
သမ္ဗုတ္တိဒါယကံ ဓမ္မံ, ဝန္ဒာမိ တီဟိ သာဒရံ။

ဣစ္ဆေဝံ ဆဟိ ဂုဏေဟိ—ဤသွာက္ခာတတာ, အစလာသည့်, ခြောက်ဖြာသော ဂုဏ်တော်တို့ဖြင့်၊ ပါကဋ္ဌံ— တိဘ္ဘုံကို ဘောင်, လွန်များမြောင်သည့်, ဟန်ဆောင်တရား, အစားစားထက်, မားမားစွင့်စွင့်, ဂုဏ်ရည်တင့်၍, ကြီးမြင့် ထင်ရှားပေထသော၊ ဇိနပုဗ္ဗိတံ ( ) ယ်တိုင်သိပြား, ကိုယ့်တရားလည်း, ငါးပါးမာရ်နှိမ်, မာရဇိန်ပင်, ကြိမ်ကြိမ်လေးမြတ်, မှိဝံ ပူဇော်တော်မူအပ်သသော၊ သမ္ဗုတ္တိဒါယကံ -- ကျင့်ကြံလိုက်နာ, ဝေနေယျာအား, လူ့ရွာ နတ်ဌာန်, နိဗ္ဗာန်အထိ, သမ္ပတ္တိကို, မိမိရရ, ပေးစွမ်းနိုင်ပေထသော၊ ဓမ္မံ – မဂ်ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ တီဟိ – လက်အုပ်အဉ္ဇလီ, နှုတ်သံချီ၍, ရှင်ကြည်မနော, သုံးပါးသော ဒွါရတို့ဖြင့်၊ သာဒရံ ·လေးမြတ်ကြည်ညို,ရိုသေခြင်း ရှိသည်ဖြစ်၍၊ ဝန္ဒာမိ – စိတ်ဖြင့်ဦးတန်း, ဂုဏ်တော်မှန်းလျက်, ချီးမွမ်းထောမနာ, ပဏာညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ ပါ၏ ဘုရား....။

၂။ **ဩကာသမှစ၍ ပါဠိသို့ သရဏဂုံနှင့် ငါးပါးသီလယူပုံ** အများသုံးစံဖြစ်နေ၍ သင်ပေးသင့်သောကြောင့် ထည့်လိုက်ရသည်၊ ဆရာက ထုံးစံအတိုင်း ဆိုတတ်အောင် သင်ပေးပါ။

**လူများ။** ဩကာသ ဩကာသ, ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသော ကံတို့တွင် တစ်ပါးပါးသော ကံ ကို ဖြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှါ

ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်
အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ, ရတနာ
မြတ် ၃ပါးတို့ကို ရှိသေမြတ်နိုး လက်စုံမိုး၍ ငှိခိုးပူဇော် ဖူးမြော်
မာန်လျှော့ ကန်တော့ပါ၏၊ ... ကန်တော့ရသော အကျိုး
အားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး
ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါး
တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်
တရား နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာရပါလို၏ဘုရား။

**ဘုန်းကြီး။** ။"ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော
ကုသိုလ်ကံ စေတနာဟူ၍ကြောင့်" စသည်ဖြင့်ဆို၍ ဆုကိုပေး။

**လူများ။** ။အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ
ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ၊ ...
ဒုတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ
ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ၊ ...
တတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ
ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ။

[မခံတတ်လျှင် ဘုန်းကြီးက ချပေးသည်။]

**ဘုန်းကြီး။** ။ယမဟံ ဝဒါမိ, တံ ဝဒေထ။

**လူများ။** ။အာမ ဘန္တေ။

**ဘုန်းကြီး။** ။"နမော တဿ ဘဂဝတော" စသည် ၁ ခေါက်ချ။

**လူများ။** ။"နမော တဿ ဘဂဝတော" စသည် ၃ ခေါက်
လိုက်ဆို။

**ဘုန်းကြီး။** ။ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည် ချပေး။

**လူများ။** ။လိုက်ဆို။

ဆုန်းကြီး ။ ။ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည် ချပေး။
လူများ ။ ။လိုက်ဆို။
ဆုန်းကြီး ။ ။တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည် ချပေး။
လူများ ။ ။လိုက်ဆို။
ဆုန်းကြီး ။ ။သရဏဂမနံ ပရိပုဏ္ဏံ။
လူများ ။ ။အာမ ဘန္တေ။
ဆုန်းကြီး ။ ။ "ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟု ချပေး။
လူများ ။ ။လိုက်ဆို။
ဆုန်းကြီး ။ ။ "အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"။—
ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊—
မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊—
"သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"ဟု အစဉ်အတိုင်း ချပေး။
လူများ ။ ။လိုက်ဆို။
ဆုန်းကြီး ။ ။တိသရဏေန သဟ, ပဉ္စသီလံ ဓမ္မံ,သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
လူများ ။ ။အာမ ဘန္တေ။
အမှာ ။ ။ဘုရားရှေ့ စသည်၌ မိမိဘာသာ သီလယူသောအခါ ဆုန်းကြီးက ချပေးခြင်းမရှိသောကြောင့် "အာမ ဘန္တေ"ဟု ဆိုဖွယ်မလိုကြောင်းကို ပြောပေးပါ၊ သြကာသ စသည်တို့၏ အဓိပ္ပါယ်ကိုလည်း ဆရာက ရတနာ့ဂုဏ်ရည်ကြည့်၍ ဗျာသန ၅ ပါးအထိ ပြောပေးပါ။

## ပုညကြိယဝတ္ထု ၁၀ ပါး

ပုည=ကောင်းမှု+ ကြိယ=ပြုထိုက်သော+ ဝတ္ထု=စီးပွားချမ်းသာ၏တည်ရာ၊....ယခုဘဝ၌ စိတ်ကောင်းခြင်း၏ တည်ရာ, နောင်သံသရာ၌ စီ.ပွားချမ်းသာ၏တည်ရာ အကြောင်းဖြစ်၍ စင်စစ်ပြုထိုက်သော ကောင်းမှုများကို "ပုညကြိယဝတ္ထု" ဟု ခေါ်၏၊ [ထိုကောင်းမှုများ၏ အဓိပ္ပါယ်ကို ဆရာက ကလေးများနားလည်ရုံ နည်းနည်းစီ ပြောပေးပါ။ ]ထိုကောင်းမှု ၁၀ ပါးကား=

၁။ ဒါန =စွန့်ကြဲပေးကမ်း လှူဒါန်းမှု။
၂။ သီလ =ဆိုင်ရာသီလများကို စောင့်ထိန်းမှု။
၃။ ဘာဝနာ =ဘုရားဂုဏ်တော်စသည်ကို အာရုံပြုနေမှု။ ကမ္မဋ္ဌာန်း အားထုတ်မှု။
၄။ အပစာယန =ရိုသေထိုက်သူကို ရိုသေမှု။
၅။ ဝေယျာဝစ္စ =သူတစ်ပါး၏ကုသိုလ်ကိစ္စ၌ ကူညီမှု။
၆။ ပတ္တိဒါန =မိမိကုသိုလ်အဖို့ကို အမျှပေးဝေမှု။
၇။ ပတ္တာနုမောဒန=သူတစ်ပါးက အမျှဝေလျှင် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှု။
၈။ ဓမ္မဿဝန =တရား'စကားကို နားထောင်မှု။
၉။ ဓမ္မဒေသနာ =ပစ္စည်းလာဘ်မငဲ့ဘဲ တရားဟောမှု။
၁၀။ ဒိဋ္ဌုဇုကမ္မ =အယူကို ဖြောင့်မှန်စွာယူမှု၊ [ကံ-ကံ၏အကျိုးကို ယုံကြည်မှု။]

[ဆောင်] ၁။ ဒါန-သီလ, ဘာဝနာ့နှင့်, အပစာယနာ, ရိုသေစွာ, ဝေယျာဝစ္စဖြင့်။

၂။ ပတ္တိဒါန-အမျှပေးဝေ, ဒေါ်လေသာခု-ပဲ့ဘာ့ဿနို
မော, ဟောလေသမျှ-နာယူက, ဓမ္မဿဝနနှင့်။
၃။ ကိုယ်တိုင်ဟောပြ-ဓမ္မဒေသနာ, ဖြောင့်စွာယူမှုး
ဒိဋ္ဌိဇုကမ်, ဤဆယ်တန်, မှတ်ရန်အဆင့်ဆင့်။

အမှာ။ ။ဘာဝနာနေရာ၌ သမထဘာဝနာ, ဝိပဿနာဘာဝနာဟု ၂ မျိုးရှိကြောင်း, ဘုရားဂုဏ်တော်အာရုံပြုမှု, မေတ္တာပို့မှုများနှင့် ထွက်သက် ဝင်သက် ရှုမှတ်မှုများကို သမထဘာဝနာ (သမာဓိအလုပ်)ဟုလည်းကောင်း, ခန္ဓာကိုယ်၌ ရုပ်နာမ်ခွဲ၍ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှုကို ဝိပဿနာဘာဝနာ(ပညာအလုပ်) ဟုလည်းကောင်း ခေါ်ကြောင်း ဆရာက ပြောပေးပါ၊အနိစ္စ ဒုက္ခ အနတ္တ သဘောကိုလည်း နည်းနည်းပါးပါး ပြောပါ။

နိဂုံး။ ။သင်္ဃာကျောဂုဏ်တော်၌ ပြထားသည့်အတိုင်း တရားတော်သည် ရွတ်ဖတ်သံကို ကြားနာရရုံဖြင့် လည်းကောင်း, တရားတော်အတိုင်း နေထိုင်ရုံဖြင့်လည်းကောင်း,ချမ်းသာစေနိုင်ပါသည်၊ ယခုအခါ၌ တရားကို အပျော်သဘောမျိုးဖြင့် နားထောင်ကြခြင်း, တရားအတုတွေကို လိုက်စားနေကြခြင်းတို့ကြောင့် ချမ်းသာခြင်းရမည့်အစား ဆင်းရဲဖြစ်နေရပါသည်။ တရားတော်သည် တရားတော်အတိုင်း ကျင့်ကြံ ပြုလုပ် အားထုတ်နေထိုင်သူကိုသာ စောင့်ရှောက်ကယ်မနိုင်ပါသည်၊တရားအတုတွေ လိုက်စား၍ ဟန်သမားတို့ကို မကယ်နိုင်ပါ၊ ဘာသာအရေးကြောင့် တိုင်းသူပြည်သားတို့ကို ချမ်းသာစေလိုလျှင် နေရာတိုင်း၌ အစစ်အမှန်ဖြစ်အောင် ပြုပြင်သင့်ပါသည်။

ဓာတ္တိယတန်း သင်နည်းညွှန်ပြချက် ပြီး၏။

# စတုတ္ထတန်းသင်နည်း

၁။ **သံဃာ့ဂုဏ်တော်အနက်။** ။ ရှေးဦးစွာ ဂုဏ်တော် ၉ ပါးပါဠိကို ရွတ်ပါစေ၊ ထို့နောက် တစ်နေ့လျှင် ဂုဏ်တော်တစ်ပါး တစ်ပါးအတွက် အနက်ကို ဖတ်စေ၍ ဆရာက အကျဉ်းမျှ အဓိပ္ပါယ် ပြောပေးပါ၊ အရမကျက်ပါစေနှင့်၊ ဘုရားရှိခိုးစာအုပ်ကြည့်၍ ဂုဏ်တော်အနက်များကို ဖတ်ပြီး ရှိခိုးနိုင်ကြောင်းကို ပြောပေးပါ။

(က) **သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ သုပ္ပဋိပန္နော—တရားသဖြင့်, ဆုံးမသင့်ရာ, သာသနာဝယ်, လျော်စွာဆုံးပြ, ဆုံးအမကို, လုံးဝလိုက်နာ, ကောင်းမွန်စွာလည်း, ကျင့်တော်မူတတ်ပါပေ၏။

(ခ) **ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော—ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်းသည်၊ ဥဇုပ္ပဋိပန္နော-စဉ်းလဲသမှု, မာယာစုဖြင့်, ဖုဖုထစ်ထစ်, မကောက်ကျစ်ဘဲ, စင်စစ်နိဗ္ဗာန်, လမ်းဖြောင့်မှန်အောင်, လျော်ကန်ချင့်မြှော်, ကျင့်ကြံတော်မူတတ်ပါပေ၏။

(၈) **ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ဘဂဝ တော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝက သံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာ ဟု, သချ်ာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော်ကောင်း သည်၊ ဉာယပ္ပဋိပန္နော-ကိုယ်ဝယ်ဝတ်နှောင်, ဆံဥသျှောင်ကို, မီးလောင်သော်ငြား, မငြိမ်းအားဘဲ, ကြီးမးလောင်မီး, ဒုက္ခ ကြီးတို့, အပြီးကေန်, ငြိမ်းရာမှန်သည့်, နိဗ္ဗာန်အလို့ငှာ, ကျင့်ကြံတော်မူတတ်ပါပေ၏။

( ၉ ) **သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။** ။ ဘဂဝတော —ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သာဝကသံဃော-ဆုံးမထားဟန်, တရားမှန်ကို, နာခံလိုက်နာ, အရိယာဟု, သချ်ာရှစ်ဖော်, သံဃာတော်အပေါင်း, သူတော် ကောင်းသည်၊ သာမီစိပ္ပဋိပန္နော—ရိုသေသမှု, လူတို့ပြုသည့်, သာမီစိကံ, လျော်ထိုက်တန်အောင်, ကျင့်ကြံတော်မူတတ်ပါ ပေ၏။

(—) **ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ** ။စတ္တာရိ— မဂ် ဖိုလ် နှစ်ပါး, အစုံအားဖြင့်, လေးပါးကုန်သော၊ ယဒိဒံ ပုရိသယုဂါနိ—အကြင်ယောကျ်ားအစုံတို့သည်၊ အဋ္ဌ—အသီး အခြား, ခွဲသောအားဖြင့်, ရှစ်ပါးကုန်သော၊ ပုရိသပုဂ္ဂလာ- ပုရိသပုဂ္ဂလ, ခေါ်ကြထိုထို, မြင့်မြတ်သော ပုဂ္ဂိုလ်တို့ပါပေ တည်း။

( ၆ ) **အာဟုနေယျော။** ။ဘဂဝတော-ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေသော သာဝကသံဃော-အစုံ မှ ပါန့်သိမ်းခြံကာမျှပေဖော့ သံဃာတော်အပေါင်းနှ ဤအရိယာ

သူတော်ကောင်းသည်၊ အာဟုနေယျော – တိုးပြန်ကြီးလေး၍ အကျိုးပေးသဖြင့်၊ အဝေးမှယူ၍ ဆောင်ရွဲ့မှုလည်း၊ ကြည်ဖြူလေးမြတ်၍ ပူဇော်အပ်သည့်၊ လာဘ်သပ်ပကာ၊ အဖြာဖြာကို၊ ကောင်းစွာသိမ်းပိုက်၍ ခံယူခြင်းငှါလဲ ထိုက်တော်မူပါပေ၏။

(စ) ပါဟုနေယျော ။ ။ ဘဂဝတော – မြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏၊ ဧသ ဧဒသော သာဝကသံဃော – အစုံ ၄ ပါး၊ သီးခြားရှစ်ဖော်၊ သံဃာတော်အပေါင်း၊ ဤအရိယာသူတော်ကောင်းသည်၊ ပါဟုနေယျော – ဧဝးရပ်မျိုးနွယ်၊ များဧည့်သည်ဖို့၊ ရည်ရွယ်မှန်းထား၊ ပစ္စည်းများကို၊ ဘုရားတစ်ဆူ၊ ပွင့်တော်မူမှ၊ ပေါ်လာကြသည့်၊ ကမ္ဘာ့ဧည့်ကောင်း၊ သူတော်ပေါင်းမို့၊ အကြောင်းထိုက်စွာ၊ ပေးလှူခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

(ဆ) ဒက္ခိဏေယျော။ ။ ဘဂဝတော – မြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏၊ ဧသ ဧဒသော သာဝကသံဃော – အစုံ ၄ ပါး၊ သီးခြားရှစ်ဖော်၊ သံဃာတော်အပေါင်း၊ ဤအရိယာသူတော်ကောင်းသည်၊ ဒက္ခိဏေယျော – တမလွန် စခန်း၊ ကြီးပွားလမ်းဖို့၊ မြှော်မှန်းရည်ရွယ်၊ ပေးလှူဖွယ်ကို၊ ရည်ရွယ်သမျှ၊ အကျိုးရသဖြင့်၊ တပ်စမချန်၊ အလှူခံခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

(ဇ) အဉ္ဇလိကရဏီယော။ ။ ဘဂဝတော – မြတ်စွာဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရား၏၊ ဧသ ဧဒသော သာဝကသံဃော – အစုံ ၄ ပါး၊ သီးခြားရှစ်ဖော်၊ သံဃာတော်အပေါင်း၊ ဤအရိယာသူတော်ကောင်းသည်၊ အဉ္ဇလိကရဏီယော – တစ်လောကလုံး၍

ကိုင်းညွတ်ရှိုးလျက်, နှင်ပြုံးကြည်သို, ရှိသေမြတ်နိုး,လက်အုပ်မိုး၍, ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

(၇) **အနုတ္တရံ ပုညခေတ္တံ လောကဿ** ။ ။ ဘဂဝတော – ရွှေဘုန်းတော်သခင်, ရှင်တော်မြတ်ဘုရား၏၊ သေ ဝေသော သာဝကသံဃော-အစုံ ၄ ပါး,သီးခြားရှစ်ဖော်,သံဃာတော်အပေါင်း, ဤအရိယာ သူတော်ကောင်းသည်၊ လောကဿ– လူ နတ် ဗြဟ္မာ, သတ္တဝါအပေါင်း၏၊ အနုတ္တရံ – အတူမရှိ, မြတ်ခေါင်ထိသော၊ပုညခေတ္တံ-ကုသိုလ်ကောင်းမှု,မျိုးစေ့စု၏, ကြီးထုမြင့်မား, စွင့်စွင့်ကားလျက်, ဖွံ့ထွားဖွယ်ရာ, လယ်ယာမြေကောင်းအတူ, ဖြစ်တော်မူပါပေ၏။

## သံဃာ့ရှိခိုး ဂါထာ

ဝေံ နဝဟိ ဂုဏေဟိ, လောကမှိ ဝိဿုတံ ဂဏံ၊
သာသနံ စိရဇာတာရံ, ဝန္ဒာမိ တိဟိ သာဒရံ။

ဝေံ နဝဟိ ဂုဏေဟိ-ဤသုပ္ပဋိပန္နတာ, အစလာသည့်, ိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်၊ လောကမှိ-ဘဝဂ်ဆုံးအောင်, ဘုံသုံးဆောင်၍၊ ဝိဿုတံ-တိတ္ထိတို့ဘောင်, လွန်မျှားမြောင်သည့်, ဟန်ဆောင်သံဃာ, အဖြာဖြာထက်, အရာရာဖြင့်,ဂုဏ်ရည်တင့်၍, ကြီးမြင့်ထင်ရှားပေထသော၊ သာသနံ- ကမ္ဘာ့ကမ္ဘာ, လွန်လေပါလဲ, တစ်ခါတော်ဖန်,ကြုံရန်ခဲကပ်,အမြတ်ရတနာ, ဤသာသနာတော်မြတ်ကြီးကို၊ စိရဓာတာရံ-ဘုရားလက်ထက်,အဆက်ဆက်မှ, မပျက်ရအောင်, ပို့ချသင်ယူ,ဆောင်ရွက်တော်မူလာပေထသော၊ ဂဏံ-အဘွင်းစိတ်ခါတ်,မြင့်မြတ်ကြည်လင်,သူတော်စင်ကောင်း,

အရိယာ သံဃာတော် အပေါင်းကို၊ တီဟိ — လက်အုပ် အဉ္စလီ, နှုတ်သံချီလျက်, ရှင်ကြည်မနော, ဥပါးသော ဒွါရတို့ဖြင့်, သာဒရ်-လေးမြတ်ကြည်ညို, ရိုသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ - ဂုဏ်တော်ထုံမွမ်း, ပုံတော်မှန်းလျက်, ချီးမွမ်းထောမနာ, ပဏ္ဏာညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုးကန်တော့ပါ၏ ဘုရား .. ။

## (၂) ရှစ်ပါးသီလ ခံယူနည်း

(က) ဩကာသ ဩကာသ စသည်ဆို။
(ခ) အဟံ ဘန္တေ စသည်ဆို။
(ဂ) နမော တဿ စသည်ဆို။
(ဃ) ဗုဒ္ဓံ သရဏံ စသည်ဆို။
(င) "ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" စသည်ဆို။

**အမှာ။** ။(ခ)နှင့်(င)အတွက် အသစ်ဖြစ်သောကြောင့် ပြလတ္တံ့ အတိုင်း ဆိုပါ။

အဟံ ဘန္တေ, တိသရဏေန သဟ, အဋ္ဌင်္ဂ သမန္နာဂတံ, ဥပေါသထသီလံ, ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ, မေ ဘန္တေ။
ဒုတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, အဋ္ဌင်္ဂသမန္နာဂတံ, ဥပေါသထသီလံ, ဓမ္မံ ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ, မေ ဘန္တေ။
တတိယမ္ပိ အဟံ ဘန္တေ, တိသရဏေန သဟ, အဋ္ဌင်္ဂသမန္နာဂတံ, ဥပေါသထသီလံ, ဓမ္မံ ယာစာမိ, အနုဂ္ဂဟံ ကတွာ, သီလံ ဒေထ မေ ဘန္တေ။

၁။ ပါဏာတိပါတာ, ၂။ အဒိန္နာဒါနာ,
၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၄။ မုသာဝါဒါ, ၅။ သုရာမေရယ,
၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၇။ နစ္စဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

**ဆရာက ပြောဖို့ရန်များ**

(က) အဗြဟ္မစရိယ သိက္ခာပုဒ်,
(ခ) ဝိကာလဘောဇန သိက္ခာပုဒ်,
(ဂ) နစ္စဂီတ သိက္ခာပုဒ်,
(ဃ) ဥစ္စာသယန မဟာသယန သိက္ခာပုဒ်,

ဤ သိက္ခာပုဒ်များ၏ အဓိပ္ပါယ်ကို ရတနာ့ဂုဏ်ရည် ၌ ယူ၍ ဆရာက ပြောပေးပါ။

(က) ဥပုသ်စောင့်ပုံ အစီအစဉ်,
(ခ) ဥပုသ်အမျိုးမျိုး,
(ဂ) ဥပုသ်စောင့်ရကျိုး,

ဤ အကြောင်းအရာများကိုလည်း ရတနာ့ဂုဏ်ရည်မှ ယူ၍ ဆရာက ပြောပေးပါ။

ထို့ပြင်- ဘုရားရှေ့တော်၌ မိမိဘာသာ ရှစ်ပါးသီလယူပုံကို လည်းကောင်း, ရဟန်းတော်များအထံ၌ ရှစ်ပါးသီလယူပုံကို လည်းကောင်း လက်တွေ့ သင်ပြပေးပါ။

## ၃။ မင်္ဂလသုတ် ပါဠိနှင့် မြန်မာ

### အမှန်းတင်ဂါထာ

ယံ မင်္ဂလံ ဒွါဒသဟိ, စိန္တယိံသု သဒေဝကာ၊
သောတ္ထာနံ နာဓိဂစ္ဆန္တိ, အဋ္ဌတိံသဉ္စ မင်္ဂလံ။
ဒေသိတံ ဒေဝဒေဝေန, သဗ္ဗပါပ ဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ, မင်္ဂလံ တံ ဘဏာမဟေ။

---

**အမှန်းတင်။** ။မင်္ဂလာကောင်းကြောင်း, အဖိုးတန်ကြောင်း ချီးမွမ်းသောစကားကို "အမှန်း"ဟု ခေါ်၏၊ "ယံ မင်္ဂလံ ဒွါဒသ ဟိ" စသော ၂ ဂါထာသည် အမှန်းတင် ဂါထာများတည်း၊ ရှေးဆရာကြီးများသည် မင်္ဂလသုတ်ကို ရွတ်ချင်လာအောင်, ရွတ်ရာ၌လည်း ရွှင်ရွှင်ပျပျ အားတက်သရောရှိလေအောင် ထိုအမှန်းတင် ၂ ဂါထာကို ဦး‌ဦးဖျားဖျား ထည့်သွင်းထားကြလေသည်၊ ထို ၂ ဂါထာကို အောက်ပါအတိုင်း မြန်မာလို မှတ်ပါ။

နတ်နှင့်တကွသော လူတို့သည် ၁၂ နှစ်လောက် ကြာအောင် အကြင်မင်္ဂလာကို စဉ်းစားခဲ့ကြပါကုန်ပြီ၊ ( သို့သော် ) စီးပွားချမ်းသာဖြင့် တည်နေနိုင်ကြောင်း ကောင်းသောမင်္ဂလာကို မသိနိုင်ကြပေ၊ နတ်တို့၏ကိုးကွယ်ရာ နတ်မင်းသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် မကောင်းမှုအားလုံးကို ပယ်ဖျောက်နိုင်သော ၃၈ ဖြာ မင်္ဂလာကို အားလုံးသော သတ္တဝါတို့၏ စီးပွားအလို့ငှါ ဟောတော်မူအပ်ပြီ၊ ထိုမင်္ဂလာကို ငါတို့ ရွတ်ဆိုကြပါစို့။

(က) ဧဝံ မေ သုတံ။
(ခ) ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

---

(က) ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃ လ ကျော်လောက်အကြာမှာ, ရာဇဂြိုဟ်မြို့တော်၌ ရဟန္တာကြီးများ စည်းဝေး၍ ဘုရားတရားတော်များကို စိကာစဉ်ကာ သင်္ဂါယနာတင်ကြ၏၊ ထိုအခါ၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူကြောင်း သေချာဖို့ရာ အရှင်မဟာကဿပထေရ်သည် အရှင်အာနန္ဒာအား မေးတော်မူ၏၊ မေးတော်မူပုံကား— "အာနန္ဒာ မင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာ ဘယ်နေရာမှာ ဘယ်အကြောင်းကြောင့် ဟောတော်မူသနည်း"။

ဤသို့မေးသောအခါ အရှင်အာနန္ဒာသည် မိမိကြားနာ မှတ်သားလိုက်ရသော အကြောင်းအရာကို လျှောက်လို၍ "**ဧဝံ မေ သုတံ**" ဟု စကား စချီလေသည်၊ "အရှင်ဘုရား— တပည့်တော်သည် မင်္ဂလသုတ်ကို ဗုဒ္ဓမြတ်စွာ၏ မျက်မှောက်တော်၌ ဤနည်းအတိုင်း ကြားနာ မှတ်သားလိုက်ရပါသည်။

["ဤမှနောက်၌ မင်္ဂလသုတ်စကားအားလုံးသည် အရှင်အာနန္ဒာက လျှောက်သော စကားဖြစ်သည်" ဟု မှတ်ပါ။]

(ခ) အခါတစ်ပါး၌ ဗုဒ္ဓမြတ်စွာသည် သာဝတ္ထိမြို့တော် အနီးဝယ် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးတော်မူပါသည်။

(က) အထခေါ အညာတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ
အဋ္ဌာသိ။

(ခ) ဧကမန္တံ ဌိတာခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ
အဇ္ဈဘာသိ။

၁။ ဗဟူ ဒေဝါ မနုဿာစ, မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ, ဗြူဟိ မင်္ဂလ.မုတ္တမံ။

---

(ဂ) ထိုအခါ နာမည်မထင်ရှားသော နတ်သားတစ်ယောက်သည် ညဉ့်ဦးယာမ်လွန်ပြီးသော သန်းခေါင်ယာမ် အချိန်ဝယ် အလွန် နှစ်သက်ဖွယ်အဆင်း ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတိုက် တစ်ရပ်လုံးကို ကိုယ်ရောင်ဖြင့် လင်းစေလျက် ဗုဒ္ဓမြတ်စွာရှိရာသို့ ချဉ်းကပ်၍ဝမ်းချပြီးလျှင် သင့်တော်သောနေရာ၌ ရပ်နေပါသည်။

(ဃ). သင့်တော်ရာအရပ်၌ ရပ်နေသော ထိုနတ်သားသည် မြတ်စွာဘုရားကို ဂါထာဖြင့် လျှောက်ထားလေသည်။

၁။ များစွာကုန်သောနတ်လူတို့သည် ကြီးပွားခြင်း ချမ်းသာခြင်းကို လိုလား တောင့်တကုန်သည်ဖြစ်၍ မင်္ဂလာတို့ကို စဉ်းစားကြံစည်ခဲ့ပါကုန်ပြီ၊ ရှင်တော်မြတ်ဘုရားသည် ကောင်းမြတ်သော မင်္ဂလာကိုဟောတော်မူပါ၊ဤသို့ နတ်သားက လျှောက်ထားလေသည်။

၂။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနီယာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

---

၂။ လူမိုက်တို့ကိုမပေါင်းခြင်း၊ လူလိမ္မာတို့ကိုပေါင်းခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ဤ ၃ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] လူမိုက်မှန်လျှင် ရှောင်ကြဉ်ကြလို့၊ လိမ္မာသူမှပေါင်းကြလေ၊
မိဘ မျိုးဆွေ ကြီးသူများနှင့်၊ တရားသံဃာ မြတ်ဖိုးနေ၊
အမြဲမှီသော ပူဇော်ထိုက်လို့၊ သိုက်သိုက်မြိုက်မြိုက် ပူဇော်လေ၊
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့....စိတ်၌ စွဲမှတ် မြဲကြစေ။

⁂ ⁂ ⁂ ⁂ ⁂ ⁂

၃။ ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမ္မာပဏိဓိစ၊ ဧတံ မင်္ဂလမုတ္တမံ။

---

၃။ သင့်တော်သော အရပ်၌ နေရခြင်း၊ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုပြုခဲ့ခြင်း၊ မိမိကိုယ်မိမိစိတ်ကို ကောင်းစွာထားခြင်း၊ ဤ ၃ ပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] ကုသိုလ် ဥစ္စာ ပညာရဖို့၊ သင့်ရာဒေသ နေရတယ်၊
ရှေးရှေးပုဗ္ဗ ဘဝဟောင်း၌၊ ကောင်းမှုကလည်းကြွယ်။
ကိုယ် စိတ် ၂ သွယ် အပြစ်ကင်းအောင်၊ ကောင်းခြင်းနိုဗ္ဗ
သွားရမယ်၊
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့— စိတ်၌ စွဲမှတ် မြဲကြကွယ်။

၄။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ, ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာ ဝါစာ, ဧတံ မင်္ဂလ မုတ္တမံ။

---

၄။ အကြားအမြင် အတွေ့အကြုံများခြင်း, လက်မှုပညာကို တတ်ခြင်း, ကိုယ်ကျင့်ဝိနည်းကို ကောင်းစွာ သင်ခြင်း, စကားကို ကောင်းစွာ ပြောဆိုခြင်း, ဤလေးပါးသည် ကောင်းမြတ်သော မင်္ဂလာဖြစ်၏။

[ဆောင်] ကြားမြင် များအောင် သုတေသနနှင့်, လက်မှုသိပ္ပ တတ်ကြစေ၊
ဝိနည်းခေါ်တွေ ကိုယ်ကျင့်ပေါင်းလဲ, ကောင်းကောင်း ရှင်ပျို သင်ကြလေ။
စကားအရာ လိမ္မာကြဖို့, သံသာချိုမြ နှုတ်ကဗျေ၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့ ..စိတ်၌ စွဲမှတ် မြဲကြစေ။

x x x x x

၅။ မာတာပိတု ဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာစ ကမ္မန္တာ, ဧတံ မင်္ဂလ မုတ္တမံ။

---

၅။ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း, သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက်ခြင်း, မရှုပ်မထွေးရအောင် ရှင်းရှင်း အလုပ်လုပ်ခြင်း, ဤ ၃ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မွေးမယ်ဘခင် နေ့စဉ်ပြုလို့, သားကြီးရွှေဥ သမီးမေ၊
ဇနီးအဆွေ ချစ်သူမြင့်အောင်, နည်းနှင့်ညီးနှင့် ချီးမြှင့်လေ။
လုပ်ငန်းထွေထွေ ပွေမရှုပ်ဖို့, ပြုလုပ်သမျှ ရှင်းရပေ၊
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့ ....စိတ်၌ စွဲမှတ် မြဲကြစေ။

၆။ ဒါနဉ္စ ဓမ္မစရိယာစ, ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ, ဧတံ မင်္ဂလ မုတ္တမံ။

---

၆။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း, သုစရိုက်တရားကို ကျင့်ခြင်း, ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း, အပြစ်မရှိသော အလုပ်တို့ကို လုပ်ခြင်း, ဤ ၄ပါးသည် ကောင်းမြတ်သောမင်္ဂလာတည်း။

[ဆောင်] မပးကမ်းငှဝေ လှူဒါနနှင့်, တရားသမ်းကျ ကျင့်တတ်စေ၊
မိဘာမျိုးဆွေ အောက်မကျဖို့, ထောက်ကြ ပင့်ကြ မြှင့်ကြသေး၊
အပြစ်တွေတွေ ပွေမနှောတဲ့, အလုပ်သဘော လုပ်ရပေ၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့, ...စိတ်၌ စွဲမှတ် မြဲကြစေ။

× × × × × ×

၇။ အာရတီ ဝိရတီ ပါပါ, မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု, ဧတံ မင်္ဂလ မုတ္တမံ။

---

၇။ မကောင်းမှုမှ စိတ်ဖြင့်ရှောင်ခြင်း(အာရတီ)ကိုယ် နှုတ်တို့ဖြင့် ရှောင်ခြင်း ဝိရတီ ၁ ပါး, သေရည်အရက် သောက်ခြင်းမှ စောင့်စည်းခြင်း ၁ပါး, ကုသိုလ်တရားတို့၌ မမေ့ခြင်း ၁ပါး, ဤ သုံးပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မကောင်းမှုဆို ထိုအယုတ်ဖြင့်, စိတ်ရော ကိုယ် နှုတ် ရှောင်ပါကွယ်၊
ဘိန်းဘင်း ကဇော် လျှော်စာဖက်လို့, သေရည် အရက် သောက်မှုပယ်။
ကုသိုလ်ဆိုင်ရာ ယူသော်တွေ့လိမ့်, သူတော်ခရေလှ မမေ့ဖွယ်၊
အဲဒီ ၃ ဖြာ မင်္ဂလာမြတ်လို့, ...စိတ်၌ စွဲမှတ် မြဲကြကွယ်။

၈။ ဂါရဝေါစ နိဝါတောစ, သန္တုဋ္ဌီစ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ, ဧတံ မင်္ဂလ မုတ္တမံ။

---

၈။ ရိုသေ လေးစားထိုက်သူကို ရိုသေလေးစားခြင်း, ကိုယ့်ကိုယ်ကို နှိမ့်ချခြင်း, တင်းတိမ် ရောင့်ရဲခြင်း, သူ့ကျေးဇူးကို သိတတ်ခြင်း, သင့်လျော်သောအခါ တရားနာယူခြင်း, ဤ ၅ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] သက်ကြီး ဂုဏ်ရှင် ရိုသေကြ၍, မာန်မာနလည်း နှိမ်ချကွယ်၊
မရတာကို ပိုမတဖို့, ကိုယ်အရနှင့် ရောင့်ရဲလွယ်။
ကျေးဇူးတင်ကာ အခါအားလျော်, နာတရားနှင့် နေရမယ်၊
အဲဒီ ၅ ဖြာ မင်္ဂလာမြတ်လို့....စိတ်၌ စွဲမှတ် မြဲကြကွယ်။

✕ ✕ ✕ ✕ ✕ ✕

၉။ ခန္တီစ သောဝစဿတာ, သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ, ဧတံ မင်္ဂလ မုတ္တမံ။

---

၉။ သည်းခံခြင်း, ပြောဆိုဆုံးမ၍ နားထောင်လွယ်ခြင်း, ငြိမ်သက်သော ရဟန်းတော်များကို ဖူးမြင်ခြင်း, သင့်တော်သော အခါ၌ တရားစကားကို ဆွေးနွေး မေးမြန်းခြင်း, ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] မခံသာအောင် ဆဲဆိုရိုက်လဲ, ဘာသည်းခံလိုက်ကြမောင်တို့ရယ်၊
ကျိုးရှိဆိုမှ နာယူမှတ်လို့, ရဟန်းရှင်မြတ် ဖူးရမယ်။
သင့်တော်ခါတွင် နားအေးအေးနှင့်, တရားဆွေးနွေး
မေးရတယ်၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့....စိတ်၌ စွဲမှတ် မြဲကြကွယ်။

၁၀။ တပေါစ ဗြဟ္မစရိယဉ္စ, အရိယသစ္စာနဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာစ, ဧတံ မင်္ဂလ မုတ္တမံ။

---

၁၀။ အကျင့်ကို ကျင့်ခြင်း, မေထုန်မှ ရှောင်ခြင်း, အရိယသစ္စာတို့ကို မြင်ခြင်း, အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] ၆ ပါးဣန္ဒြေစောင့်ထွေချုပ်လို့, လုံ့လထုတ်၍ တပေါကြွယ်၊
ဗြဟ္မစာရီ မေထုန်ကင်းလျက်, သာသနာတွင်း ကျင့်ရမယ်။
သစ္စာ ၄ အင် အမြင်ရတော့, ဖိုလ်အရဟ နိဗ္ဗာန်လွယ်၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့, ... စိတ်၌ စွဲမှတ် မြဲကြကွယ်။

⁂ ⁂ ⁂ ⁂ ⁂

၁၁။ ဖုဋ္ဌဿ လောကဓမ္မေဟိ, စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ, ဧတံ မင်္ဂလ မုတ္တမံ။

---

၁၁။ လောကဓမ်တရားတို့ တွေ့ထိ နှိပ်စက်ခံရလျှင် စိတ် မတုန်လှုပ်ခြင်း, ဝမ်းမနည်းခြင်း, မမက်မောခြင်း, ဘေးမရှိခြင်း, ဤ ၄ ပါးသည် ကောင်းမြတ်သော မင်္ဂလာတည်း။

[ဆောင်] လောကဓမ်စုံ ဖုံဖုံလှုပ်လည်း, မတုန်မလှုပ် ငြိမ်ငြိမ်နေ၊
မကောင်းကြုံသော် ဝမ်းမနဲနှင့်, အကောင်းကြုံလဲ မမက်စေ။
ဘေးတွေ ရန်တွေ ဝိုင်းလာကြလည်း, ရန်ကင်း ဘေးပအေးမြပေ၊
အဲဒီ ၄ ဖြာ မင်္ဂလာမြတ်လို့ ..., စိတ်၌ စွဲမှတ် မြဲကြစေ။

၁၂။ တောဒိသာနိ ကတွာန, သဗ္ဗတ္ထ မပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ, တံ တေသံ မင်္ဂလ မုတ္တမံ။

---

၁၂။ ဤမင်္ဂလာဘို့ကိုပြုကြပါလျှင် ရန်သူအားလုံးဘို့တွင်မည်သည့် ရန်သူမျှ အနိုင်မရဘဲ(မိမိကသာ အောင်နိုင်၍) နေရာအားလုံး တို့၌ ချမ်းသာခြင်းသို့ ရောက်ကြရ၏၊ ထို မင်္ဂလာရှိသူတို့၏ ၃၈ ဖြာ ထိုမင်္ဂလာသည် ကောင်းမြတ်သော မင်္ဂလာတည်း။

အမှာ။ ။မင်္ဂလာ ၃၈ ပါးကို ရေတွက်ရာ၌ မာတာပိတု ဥပဋ္ဌာနံ ဂါထာဝယ် အမိလုပ်ကျွေးခြင်း, အဖ လုပ်ကျွေးခြင်း ဟု ၂မျိုးခွဲ၍ ၄မင်္ဂလာရအောင်ရေတွက်မှ ၃၈ ပါးပြည့်သည်၊ အသေဝနာစ ဂါထာမှစ၍ ရေတွက်ကြည့်ပါလေ၊ ဆရာ များကလည်း ကလေးနှင့် တန်ရုံ အဓိပ္ပါယ်ကို ပြောပေး ကြပါ။

[ နိဂုံး ] သုံးဆယ့်ရှစ်ဖြာ မင်္ဂလာမြတ်ဟာ့ လိုက်နာအပ်တဲ့တရားဝယ်၊
လိုက်နာသူတော့ ရန်မာန်ဘေးကို့ နေရာမရွေး အောင်ရမယ်။
ခုရောနောင်ခါ ဘဝပေါင်း၌ စ-လယ် အနှောင်း ကောင်း ဖို့ကြွယ်၊
ထို့ကြောင့်မင်္ဂလာ စုံစုံစေ့အောင်...ကြိုးကြိုးသရွေ့ ပြုကြကွယ်။

မင်္ဂလသုတ် ပါဠိနှင့် ကဗျာများ ပြီးပြီ။

---

## ဗာလ ပဏ္ဍိတတို့ ခြားနားမှု

လူဖျင်း, လူအ, လူနု, လူထိုင်း, လူရိုင်း, လူမိုက်စုကို "ဗာလ" ဟု ခေါ်၏၊ တတ်သိလိမ္မာ ဉာဏ်ပညာဖြင့် အရာရာ၌ ပါးနပ်၍ ဖြောင့်မတ်သွက်လက်, ထက်မြက်သောပညာရှိကို "ပဏ္ဍိတ" ဟု ခေါ်၏၊ လောက၌ အိမ်တစ်အိမ်မှာဖြစ်စေ, ရွာတစ်ရွာမှာ ဖြစ်စေ, မြို့တစ်မြို့မှာဖြစ်စေ, နိုင်ငံတစ်နိုင်ငံလုံးမှာ ဖြစ်စေ, စီကနဲ ပွက်ကနဲ ဒက်ကနဲ ဆူပူသံ, ရန်ဖြစ်သံ, တိုက်ခိုက်သံ, လုယယ်သံ, ပုန်ကန်သံများ ကြားရလျှင် ဗာလကစ၍ ဖြစ်၏၊ ဗာလ ပါဝင်နေပြီဟု မှတ်ပါ၊ "ထို ဆိုးဝါးသော အသံများ သည် ဘယ်အခါမဆို ပဏ္ဍိတကြောင့် မဖြစ်နိုင်" ဟု ဘုရားရှင် ဟောတော်မူသည်။

ဘိုကျုတို့— လောက၌ ကြောက်ရွံ့ ထိတ်လန့်ရခြင်းဘေး, အိုးခြေ အိမ်ခြေ မတည်တံ့အောင် တိမ်းရှောင် ထွက်ပြေးကြရသော ဥဒါဒ်, တိုက်ခိုက် လုယူဖျက်ဆီးသွားသဖြင့် ဟိုကပ်သည်ကပ်နှင့် ကပ်ယပ်နေရသောအန္တရာယ်တို့သည် လူ့ဗာလ လူဆိုးကြောင့် သာ ဖြစ်ကြရ၏၊ လူကောင်း လူလိမ္မာကြောင့် ဖြစ်ကြရသည် မဟုတ်၊ ဥပမာပြရသော်— ကျူထရံတဲ သက်ကယ်တဲကို မီးစွဲ လောင်လျှင် ထိုတဲများမှ မီးသည် အိမ်ကြီးအိမ်ကောင်းတို့ကို လည်း လောင်တော့သကဲ့သို့, ထို့အတူ တဲကုတ်တဲစုတ်နှင့်တူ သောလူ့ဗာလတို့မှ ဘေးဥပါဒ်အန္တရာယ်တို့သည် အဖြစ်ကင်း သော လူကောင်းများကို ကူးစက်လာကြလေတော့၏၊ ဤသို့ လျှင် ဗာလသည် ဘေးဥပါဒ်အန္တရာယ်တို့၏ စ၍ ဖြစ်ရာပေ

ဟည်း၊ လူကောင်း လူလိမ္မာကား ထိုဘေးဥပဒ်အန္တရာယ်တို့၏ စ၍ဖြစ်ရာမဟုတ်ပေ၊ ထို့ကြောင့် သင်တို့သည် ဗာလ ဖြစ်ရ ကြောင်း မကောင်းသော ဒုစရိုက် ၁၀ ပါး အကျင့်များကို ရှောင်ရှားလျက် ပဏ္ဍိတ ဖြစ်ရကြောင်း ကောင်းသာ သုစရိုက် ၁၀ ပါး အကျင့်များကိုသာ ကျင့်ကြမည်ဟု စိတ်ကို့ခိုင်ခံ့ကာ ကျင့်ကြံ ကြိုးစားသင့်ပေသည်။

[တိကအင်္ဂုတ္တိုရ်, ပထမပဏ္ဏာသက, ဗာလဝဂ်, ပထမသုတ်။]

---

**ဗာလ၏လက္ခဏာ။** ဘိက္ခုတို့ — ဗာလ၏လက္ခဏာ, ဗာလ၏အမှတ်အသား, ဗာလဟု ထင်ရှားသောအမှုတို့သည် ၃ မျိုးရှိကုန်၏၊ (အဘယ် ၃ မျိုးနည်း။) ဗာလသည် — (၁) မကောင်းသော အကြံကို ကြံလေ့ရှိ၏၊ (၂) မကောင်းသော စကားကို ပြောလေ့ရှိ၏၊ (၃) မကောင်းသောအမှုကို ပြုလေ့ရှိ၏။

**ပဏ္ဍိတ၏လက္ခဏာ။** ဘိက္ခုတို့ — ပဏ္ဍိတ၏လက္ခဏာ, ပဏ္ဍိတ၏ အမှတ်အသား, ပဏ္ဍိတဟု ထင်ရှားသောအမှုတို့လည်း ၃ မျိုး ရှိကုန်၏၊ (အဘယ် ၃ မျိုးနည်း။) ပဏ္ဍိတသည် — (၁) ကောင်းသောအကြံကို ကြံလေ့ရှိ၏၊ (၂) ကောင်းသောစကားကို ပြောလေ့ရှိ၏၊ (၃) ကောင်းသောအမှုကိုသာပြုလေ့ရှိ၏၊ ထို့ကြောင့် ကြံစည်ပုံ ပြောဆိုပုံ လုပ်ကိုင်ပုံကို ကြည့်ရှု၍ "ဤသူဟာ ဗာလ, ဤသူဟာ ပဏ္ဍိတ" ဟု ခွဲခြားသိနိုင်စရာ ရှိပေသည်။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပထမပဏ္ဏာသက, ဗာလဝဂ်, တတိယသုတ်။]

**ရှိခိုးရာ၃မျိုး။** ။ဗာလသည် သူနှင့်ပေါင်းသူကို မိမိကဲ့သို့ ဗာလဖြစ်စေလို၏၊ မိမိက ပါဏာတိပါတမှုကိုပြုလျှင် မိမိအဖော်ကိုလည်း မိမိကဲ့သို့ပြုစေလို၏၊ ထိုသို့ပြုစေလို၍ ပြုရလျှင် မိမိလည်း ဗာလဖြစ်တော့၏၊ ထိုသို့ မပြုရသော်လည်း "ဗာလနှင့် အပေါင်းအသင်းလုပ်သူ" ဟု နာမည်ပျက်၍ မကောင်းသိတင်းထွက်၏၊ ထို့ကြောင့် ဗာလသည် မစင်တွင်း၌ကျသော မြွေနှင့်တူ၏၊ ထိုမြွေသည် သူ့ကိုကိုင်သူကို ကိုက်သော်လည်း ကိုက်တတ်၏၊ မကိုက်စေကာမူ မစင်လူးမည်မှာ သေချာသကဲ့သို့တည်း။ ထို့ကြောင့် မြွေကို ကြောက်လည်း ကြောက်ရ, ရွံလည်း ရွံရသကဲ့သို့ ဗာလဆိုသူကို ကြောက်လည်း ကြောက်ရ, ရွံလည်း ရွံရသည်။

[အင်္ဂုတ္တိုရ်, တိကနိပါတ်, ပထမပဏ္ဏာသက, ပုဂ္ဂလဝဂ်။]

**ကိုက်တွန်းချက်။** ။လူငယ် အချင်းချင်းဖြစ်စေ, ဆရာနှင့်တပည့်ဖြစ်စေ, မိဘနှင့်သားသမီးဖြစ်စေ, သမီးခင်ပွန်းချင်းဖြစ်စေ, သူ့ကြောင့် ဒုက္ခရောက်ရလျှင် ထိုသူ့ကို ဗာလဟုသာ မှတ်ပါ၊ ထိုသူနှင့်ခွဲ၍ နေနိုင်လျှင်နေပါ၊ မနေနိုင်လျှင် ကိုယ်သာပေါင်း၍ စိတ်က မပေါင်းဘဲ "ကိုယ်ပေါင်း စိတ်ခွာ" နေနိုင်အောင် ကြိုးစားကြပါလေ။

**[ဆောင်]** မည်သူ့ကိုမျှ, မညာကြနှင့်, မိဘဆရာ, ဖြစ်စေကာလည်း, သူဟာ ဗာလ, ပဏ္ဍိဘဟု, ကျနခွဲလှစ်, တွေ့တိုင်းစစ်, ဘနှပ်ကျစေကွဲ့။

## ၄။ ဖြဟ္မစိုရ်တရား ၄ ပါး ပါဠိ

**မေတ္တာပို့။** ။သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။

**ကရုဏာပို့။** ။သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု။

**မုဒိတာ ပို့။** ။သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု။

**ဥပေက္ခာပို့။** ။သဗ္ဗေ သတ္တာ ကမ္မဿကာ။

## မြန်မာလို မေတ္တာပို့

၁။ သဗ္ဗေ သတ္တာ, ဝေနေယျာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

၂။ မိဘနှစ်ဖြာ, မြတ်ဆရာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၃။ ဒို့အိမ်တွင်းမှာ, ဆွေမျိုးစွာ, ချမ်းသာကိုယ်စိတ်မြဲပါစေ။

၄။ ဒို့အိမ်တွင်းမှာ, နတ်များစွာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၅။ ဒို့ရွာတွင်းမှာ, များသတ္တာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

၆။ ဒို့မြို့တွင်းမှာ, များသတ္တာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

၇။ ဒို့ပြည်တွင်းမှာ, များသတ္တာ, ချမ်းသာကိုယ်စိတ် မြဲပါစေ။

၈။ နိုင်ငံတိုင်းမှာ, များသတ္တာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

**ကရုဏာပို့။** ။ဆင်းရဲနေရှာ, များသတ္တာ, မြန်စွာ ဒုက္ခ လွတ်ပါစေ။

**မုဒိတာပို့။** ။ကြွယ်ဝ ချမ်းသာ, များသဲ့တွာ, ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

[ဥပေက္ခာကို အထူးပို့နေဖွယ် မလိုတော့ပါ။]

**တိုက်တွန်းချက်၊** ။မေတ္တာ, ကရုဏာ, မုဒိတာပို့ သံပေါက်များကို မိမိတို့အိမ်၌ အိပ်ရာဝင် အိပ်ရာထမှာ ကလေးများ ရွတ်ဆိုကြဖို့ ဆရာနှင့် မိဘများက တိုက်တွန်းကြပါ၊ ထိုသို့ ရွတ်ဆိုသည့် အိမ်မှာ ကြက်သရေဘိုးပါလိမ့်မည်၊ ကလေးများလည်း မသိမသာ အလိမ္မာ တိုးနေပါလိမ့်မည်၊ သံပေါက်များကိုလည်း ဆရာက အသံမှန်နှင့် နားသောတဝင်အောင် ချပေးပါ။

**အမှာ။** ။စတုတ္ထတန်း သင်ပြီးသောအခါ ဗုဒ္ဓဘာသာဝင်တို့ သိဖွယ်ရာ အခြေခံဖြစ်သော ကိုယ်ကျင့်တရားများကို ကလေးများ သိကြရပါပြီ၊ ဤစတုတ္ထတန်းသင်ပြီး၍ ကျောင်းက ထွက်ရစေကာမူ ကုသိုလ် အကုသိုလ်နှင့်တန်း သိပြီး, ဒါန သီလအကြောင်း သိပြီး, မေတ္တာစသော ဗြဟ္မစိုရ်တရားအကြောင်း သိပြီး ဖြစ်၍ ကောင်းတစ်ယောက် ဖြစ်လိုလျှင် ဖြစ်နိုင်သော အချည်အချင်း ပြည့်စုံပါပြီ၊ သို့သော် သိ ြ်း အကြောင်းအရာများ၌ သာ၍ ရှင်းလင်းစွာ သိဖို့ရာနှင့် အထက်တန်း သိဖွယ်များကို သိဖို့ရန် မိမိတို့ရပ်ရွာဝယ် ကိုးကွယ်အားသော ဘုန်းတော်ကြီးများ အထံ ချဉ်းကပ်လျက် အားလပ်သော အချိန်နှင့် ဥပုသ်နေ့စသော ရက်များ၌ တရား ဆွေးနွေး မေးမြန်းမှုကို ပြုကြပါလေ။

**ဓာနှင်းကြီး ရှိရကျိုး ။** ။ ဘုန်းတော်ကြီးကောင်း ရှိသော ရပ်ရွာနယ်ပယ်၌ အကျိုးရပုံကို တိကအဂုံတ္တိုရ်, ပထမပဏ္ဏာသ, စူဠဝဂ်, ဆင္ဍသုတ်အဖြစ်ဖြင့် ဟောတော်မူပါသည်၊ ဘုရားရှင် ဟောတော်မူပုံ မြန်မာပြန်မှာ—

ဘိက္ခုတို့.... အကြင် ရပ်ရွာကိုဖြစ်စေ, အကြင် နိဂုံး(မြို့)ကိုဖြစ်စေ, သီလရှိသောရဟန်းတို့ မှီတင် နေထိုင်ကြကုန်၏၊ရဟန်းကောင်းတို့၏ နေထိုင်ရာ ထိုရွာ၌ (ထိုနိဂုံး, ထိုမြို့၌) လူတို့သည် (၁) ကိုယ်အနေအားဖြင့် ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၂)နှုတ်အပြောအားဖြင့်လည်း ကုသိုလ်ကောင်းမှုများစွာ တိုးပွားကြကုန်၏၊ (၃) စိတ်အကြံအားဖြင့်လည်း ကုသိုလ်ကောင်းမှု များစွာ တိုးပွားကြလေသည်။

**ရှေးခေတ် မြန်မာ ။** ။ ဤ တရားတော်နှင့် အညီ ရှေးခေတ်က မြန်မာနိုင်ငံ၌ ရပ်ရွာနယ်ပယ်တိုင်းဝယ် သီလသိက္ခာနှင့် ပြည့်စုံသော ဘုန်းတော်ကြီးများ ရှိခဲ့ကြ၏၊ ထို ဘုန်းတော်ကြီးများသည် နေ့စဉ် ကလေးများကို ပညာ သင်ပေးတော်မူကြ၍ ယဉ်ကျေး လိမ္မာအောင်လည်း ဆုံးမတော် မူခဲ့ကြသည်၊ ကျောင်းမှ ထွက်၍ လူရွယ် လူလတ်ပိုင်း ရောက်နေသူကိုပင် အသောက်အစား ကစားမှုတို့ကြောင့် စာရိတ္တပျက်နေသည်ဟု ကြားလျှင် သူ၏မိဘနှင့်အတူ ခေါ်ယူဆုံးမတော်မူနိုင်ကြသည်၊ ထို့ကြောင့် ရှေးရှေးမင်းများ လက်ထက်၌ မြန်မာနိုင်ငံဝယ် စာရေး စာဖတ်တတ်သူ ပေါများ၍ စာရိတ္တ ပျက်သူလည်း နည်းပါးခဲ့လေသည်။

**ရာဇဝတ်မှုနည်းပါးခြင်း။ ။** အင်္ဂလိပ်နှင့် ဝေလနိုင်ငံများ၌ အကျဉ်းထောင်များ၏ မင်းကြီးဖြစ်သော မစ္စတာ ပက်တာဆင်သည် မြန်မာနိုင်ငံ၌ ရာဇဝတ်မှုနည်းပါးအောင် ရေးသားသော စာတမ်းဝယ် အောက်ပါ အကြောင်းအရာများကို ထည့်သွင်း၍ ရေးသားထားလေသည်။

၁။ ကြောက်မက်ဖွယ် ကောင်းလှသော ရာဇဝတ်ဘေးကြီးမှ မြန်မာ လူမျိုးတို့အား ကာကွယ် စောင့်ရှောက်လျက် ရှိသော လက်နက်အင်အားသည် ဗုဒ္ဓဘာသာတရား တော်ကြီးပင် ဖြစ်၏။

၂။ ဗုဒ္ဓဘာသာတရားတော်သည် အမှား အမှန်ကို သေချာစွာ ဖော်ပြထားပေသည်။

၃။ မြန်မာလူမျိုးမှန်သမျှ ထိုတရားတော်ကြီးကို သေချာစွာ သင်ယူခဲ့ကြလေသည်။

၄။ မြန်မာလုလင်ပျိုကလေးများသည် ထို တရားတော်ကြီးကို ငယ်ရွယ်စဉ်ကစ၍ သင်ယူခဲ့ကြ၏။

၅။ ရပ်သူရွာသားများသည် နှိုးဆော်ခြင်း, ပညတ်ခြင်း မရှိပါဘဲလျက် တရားတော်ကို ကျိုးနွံရိုသေကြပေသည်။

၆။ အချို့ ရဟန်းတော်များသည် စည်းမဲ့ ကမ်းမဲ့ သွားလာ နေထိုင်ကြသဖြင့် ရဟန်းတော်များ၏သြဇာသည် ရှေးကလောက် မစူးရှတော့ကြောင်းကို ကြားသိရ၏။

၇။ ထိုကဲ့သို့ ရဟန်းတော်များအား လူအချို့က အရိုအသေကင်းမဲ့ကြသဖြင့် "ဗုဒ္ဓတရားတော်သည် မှန်ကန်သောတရား ဟုတ်ပါ၏လော" ဟု ယုံမှားသံသယဖြစ်ကြသည်ရှိသော် မြန်မာလူမျိုးတို့အတွက် "အလွန် ဆိုးဝါးသောဘေးကြီး"ဟု ဆိုရပေလိမ့်မည်။

၈။ ဤကမ္ဘာလောက၌ ဘာသာတရားသည် အခြားအပေါင်းတို့တွင် အကြီးဆုံးသော အား ဖြစ်ပေသည်။

၉။ ယခုအချိန်အခါ၌ ဘုန်းတော်ကြီးများက စည်းလုံးညီညွတ်စွာဖြင့် ရာဇဝတ်မှုကျူးလွန်ခြင်း၏ ဘေးအန္တရာယ်များကို ဟောပြတော်မူလျှင် ရာဇဝတ်မှုဖြစ်ပွားခြင်းသည် တစ်နှစ်အတွင်း၌ ရပ်တန့်ပါလိမ့်မည်။

၁၀။ ဘာသာတရား၏ တန်ခိုးသတ္တိသည် လူမျိုးအပေါ်၌ အထူး ကြီးပါပေ၏၊ ဤ မြန်မာပြည်ဘွင်ကား သာ၍ကြီးပါပေသည်။

ဤကား နိုင်ငံခြားသားဖြစ်သော ထောင်မင်းကြီး တစ်ယောက်၏ မြန်မာနိုင်ငံအတွက် ကောင်းသော မှန်လည်းမှန်သော ထင်မြင်ချက်တည်း၊ ဤထင်မြင်ချက်နှင့်အညီ ယခုအခါ မြန်မာနိုင်ငံ၌ ပြန်၍ စာရိတ္တကောင်းအောင် ရပ်ရွာ နယ်ပယ် အပေါ်၌ မေတ္တာ ကရုဏာ ထားသော ဘုန်းတော်ကြီးများ၏ ကျောင်းတစ်ကျောင်းကား ရပ်ရွာဘိုင်းမှာ အမှန် ရှိထိုက်ပါသည်။

(၁၂) မူလတန်းဘာသာရေး

အမှာ။ ။ဤမျှတိုင်အောင် သင်ကြီးရာ ပြောပြပြီးရာနေ့၌ စတုတ္ထတန်း အကျဉ်းဝယ် ညွှန်ပြခဲ့သော အောက်ပါ ကဗျာကို ညီညီညာညာနှင့် ကလေးများ သံပြိုင် ရွတ်ပါစေ၊ ဆရာများကလည်း အသံအနေအထား ကောင်းမွန်စွာ ချပေးကြပါ။

နိဂုံး။ ။မူလတန်းဝယ် သိဖွယ်ဆုံးလို့, နိဂုံး၌ အုပ်တော့မယ်၊ သိရုံမျှနှယ် တယ်မကောင်း၍, လူကောင်းဖြစ်ဖို့ လိုကြတယ်။

လူကောင်း ဖြစ်အောင် ဆရာမြတ်သို့, မကြာ ကပ်လို့ မေးပေါ့ကွယ်၊

မေးသော် ဖြေရန် ဆရာကောင်းလည်း, တစ်ရွာ တစ်ကျောင်း ရှိသင့်တယ်။

## စတုတ္ထတန်း သင်နည်း ညွှန်ပြချက် ပြီးပြီ။

x x x x x

အမှာ။ ။တစ်ရွာတစ်ကျောင်း တည်ပုံကို သတ္တမတန်းအဆုံးကျမှ ညွှန်ပြပါမည်။

## ဤတွင် မူလတန်း ပြီးပြီ။